# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၀၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မုံရွာမြို့)တွင် မြန်မာ့ရိုးရာ လက်ရက်ကန်းအတတ်ပညာများ စဉ်ဆက်မပြတ် သင်ကြားပေးလျက်ရှိ

**မုံရွာ နိုဝင်ဘာ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုံရွာမြို့)တွင် မြန်မာ့ရိုးရာ အခြေခံလက်ရက်ကန်းခြောက်လ သင်တန်း စဉ်ဆက်မပြတ် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုံရွာမြို့)အနေဖြင့် မြန်မာ့ရိုးရာ ရက်ကန်းအတတ်ပညာများ ဆက်လက်ထိန်းသိမ်းထားရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ကိုယ်ပိုင်စက်ရုံ၊ အလုပ်ရုံများအတွက် ကျွမ်းကျင်သောရက်ကန်းနှင့် အခြားအသက်မွေး အတတ်ပညာရှင်များ မွေးထုတ်ပေးရန်၊ ငယ်ရွယ်သော မြန်မာ အမျိုးသမီးငယ်လေးများအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာများ တတ်မြောက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊ ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေမှသည် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက်

*စာမျက်နှာ ၈ ကော်လံ ၁* ❖



ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း(မုံရွာမြို့)တွင် အခြေခံလက်ရက်ကန်းခြောက်လသင်တန်း သင်ကြားပေးနေစဉ်။

# သဲကုန်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ ၆၉၉၂၄ ဧက စိုက်ပျိုးမည်

သဲကုန်း နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီအတွင်း ဆောင်းသီးနှံ ၆၉၉၂၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သဲကုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ❐



## ယနေ့ *မာ တိ ကာ*


**ကလေးသူငယ်များ အကြမ်းဖက်မှုမခံရစေရေး အားလုံးဝိုင်းဝန်းကူညီပေး** — ဆောင်းပါး စာ ၆

**ဂါဇာကမ်းမြောင်၏ အကြီးမားဆုံး အယ်ရှီဖာ ဆေးရုံမှ မွေးကင်းစ ကလေးငယ် ၃၁ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့** — နိုင်ငံတကာသတင်း စာ ၁၃



**ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်** — ပြည်တွင်းသတင်း စာ ၁၈

# အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များ အပြည့်အဝတာဝန်ယူ ထိရောက်စွာဆောင်ရွက်

တရားဝင် မှတ်ပုံတင်ထားသည့် ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုအေဂျင်စီအချို့က ၎င်းတို့စေလွှတ်လိုက်သည့် အလုပ်သမားများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများ ပျက်ကွက်ခြင်းကြောင့် ပြည်ပသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်ခဲ့သူများ နစ်နာဆုံးရှုံးမှုတို့ ဖြစ်ပေါ်ခဲ့ကြောင်း မီဒီယာများတွင် တွေ့ခဲ့ရသည်။ ပြည်ပတွင် အလုပ်လုပ်လိုသူထံမှ ဝန်ဆောင်ခအဖြစ် ငွေကြေးများရယူပြီး အလုပ်ရရှိရန် ဆောင်ရွက်မပေးနိုင်သည့် ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု အေဂျင်စီအချို့ကို အလုပ်သမားဝန်ကြီးဌာနက လိုင်စင်ရာသက်ပန် ပိတ်သိမ်းခဲ့ကြောင်းလည်း သိရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၄၈၇ ခုရှိပြီး (ထိုင်း) လိုင်စင်ရအေဂျင်စီ ၁၄၇ ခု ရှိနေသည်။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများသည် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို စာချုပ်ချုပ်ဆိုပြီး ရက်ပေါင်း ၉၀ အတွင်း စေလွှတ်ကြရမည်ဖြစ်သည်။ မိမိတို့စေလွှတ်လိုက်သည့် အလုပ်သမားများ သက်ဆိုင်ရာ နိုင်ငံများသို့ ရောက်ရှိပြီးနောက် အလုပ်ရှင် အလုပ်သမား မပြေလည်မှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုဖြစ်စဉ်များ ဖြစ်ပေါ်ပါကလည်း ရက်ပေါင်း ၃၀ အတွင်း ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသည်။

ပြည်ပအလုပ်အကိုင်ဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှ အမှုဆောင်အဖွဲ့ဝင်များ ပြီးခဲ့သည့် နိုဝင်ဘာ ၁၆ ရက်က တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များကို ပုံမှန်အတိုင်း ခွင့်ပြုပေးနေသည့်အတွက် သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းကော်မတီများက မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လုပ်ငန်းဆောင်ရွက်ရာတွင် အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များအပေါ် အပြည့်အဝတာဝန်ယူပြီး လုပ်ငန်းကို စိတ်ပါဝင်စား၍ ထိရောက်စွာ ဆောင်ရွက်ရန်တိုက်တွန်းကြောင်း၊ အလုပ်သမားရေးရာကိစ္စရပ်များ၊ ပြဿနာများ၊ ထူးခြားဖြစ်စဉ်များ တစ်စုံတစ်ရာပေါ်ပေါက်ပါက သက်ဆိုင်ရာဌာနများသို့ သတင်းပို့၍ အလုပ်သမား သံအရာရှိများနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့ စေလွှတ်သည့် အလုပ်သမားများ စတင်ထွက်ခွာချိန်မှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အချိန်အထိ တာဝန်အပြည့်အဝရှိကြောင်း ပြောကြားခဲ့သည်ကို တွေ့ရသည်။

ယခုအခါ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ ယခင်ထက် ပိုမိုများပြားလာလျက်ရှိရာ အဆိုပါအေဂျင်စီများက ပြည်ပသို့ အလုပ်သမားစေလွှတ်ရေး ဆောင်ရွက်ရာတွင် အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုသည်။ ထို့အပြင် ပြည်ပရောက် မြန်မာအလုပ်သမားများ ပြည်တွင်းရှိ ၎င်းတို့၏ မိသားစုများထံ လွှဲပို့ငွေများကို နှစ်နိုင်ငံဘဏ်များမှတစ်ဆင့် တရားဝင် ပြန်လည်လွှဲပို့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်လည်းလိုသည်။ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာအလုပ်သမားများသည်လည်း သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့် ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာကြပြီး လုပ်ငန်းခွင်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျနေထိုင်လုပ်ကိုင်ကြရန်လိုသည်။

ပြည်ပသို့ အလုပ်သမားများ စေလွှတ်လုပ်ကိုင်ခြင်းသည် ကာယကံရှင် အလုပ်သမားနှင့် ၎င်းတို့၏ မိသားစုများအတွက် သာမက အကျိုးဆောင်အေဂျင်စီအတွက်ရော နိုင်ငံအတွက်ပါ အကျိုးဖြစ်ထွန်းစေသည်နှင့်အညီ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များတွင်လည်းကောင်း၊ အလုပ်သမားများ ရင်ဆိုင်ကြရသည့် အခက်အခဲများ၊ ထိခိုက်နစ်နာမှုများကို ပြေလည်အောင် ဖြေရှင်းရာတွင်လည်းကောင်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ နုနုရီ ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂၀ – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

## တရားမအထူးအယူခံမှု (၆) မှု တို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဦးကြည်သိန်း၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှုအမှတ် ၄၉/၂၀၂၂ (မွန်)၊ ၅၀/၂၀၂၂ (မွန်)၊ ၂၉/၂၀၂၃ (ရှမ်း)၊ ၃၀/၂၀၂၃ (ရှမ်း)၊ ၃၄/၂၀၂၃ (ဧရာဝတီ)၊ ၃၆/၂၀၂၃ (မန္တလေး)၊ စုစုပေါင်း တရားမအထူးအယူခံမှု(၆) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်နိုင်ပါကြောင်း ဖိတ်ခေါ်

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၃ ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **“စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့”** ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါဝင်ယှဉ်ပြိုင်လိုသူများသည် မိမိတို့ကိုယ်တိုင် ရေးသားထားသည့် ဆောင်းပါးကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ် – ၀၆၇–၃၄၀၄၆၀၃၊ ၀၆၇–၃၄၀၄၆၀၄ နှင့် E-mail-vulnerable group.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၄–၁၁–၂၀၂၃)ရက်၊ သောကြာနေ့၊ ညနေ (၁၆:၀၀) နာရီအထိ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၃) သင်တန်းဖွင့်



နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၃)၏ သင်တန်းဖွင့်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာ ဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အဓိကကျသော ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ရသည့် အခြေခံပညာ ဆရာ ဆရာမများ၏ အရည်အသွေး မြင့်မားတိုးတက်ရန်၊ သင်ကြားရေးလုပ်ငန်းများကို တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်ဖြင့် စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်တတ်စေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသော ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

သင်တန်းတွင် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပညာရေးဆိုင်ရာ မူဝါဒများ၊ စီမံကိန်းများနှင့် လက်တွေ့လုပ်ငန်း ဆောင်ရွက်ချက်များအပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရှိ ပညာဌာန(၈)ခုမှ ဆရာ၊ဆရာမများနှင့် တာဝန်ရှိသူများကလည်းသက်ဆိုင်ရာဘာသာရပ်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်စံတန်ဖိုးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကို အထောက်အကူပြုစေမည့် သင်ခန်းစာများကို ဆွေးနွေးပို့ချပေးသွားမည် ဖြစ်သည့်အတွက် မိမိတို့၏ သင်ကြားရေးဆိုင်ရာ အရည်အသွေးများ မြင့်မားထက်မြက်လာစေရေး စိတ်ဝင်တစား လေ့လာသင်ယူသွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သင်တန်းဖွင့်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅၃ ဦး၊ သင်တန်းသူ ၃၉၅ ဦး စုစုပေါင်း ၅၄၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၀ ဒသမ ၀၈ လက်မနှင့် ကျောက်ဆည်မြို့၊ ဝမြို့နှင့် မာန်အောင်မြို့တို့တွင် ၀ ဒသမ ၀၄ လက်မစီတို့ဖြစ်ကြသည်။

မိုး/ဇလ

## ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၆ / ၂၀၂၃ )

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၀ ရက် )

**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅) ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက် (၁၀၀/၁၀၁)၊ အခန်း (၁၀၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၄၁ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## လေဘာပါတီ (Labour Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၇ / ၂၀၂၃ )

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၀ ရက် )

**လေဘာပါတီ (Labour Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁) ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ အမှတ် (၃၃/၄၉) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လေဘာပါတီ (Labour Party)** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လေဘာပါတီ (Labour Party)** ၏ မှတ်ပုံတင်အမှတ်မှာ ( ၄၂ ) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၈ / ၂၀၂၃ )

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
( ၂၀၂၃ ခုနှစ် ၊ နိုဝင်ဘာလ ၂၀ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ** ကို မှတ်ပုံတင်အမှတ် (၁၉) ၊ ၃၀-၅-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၂၄/၂၀၂၃) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ** သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ (စ)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် ၃၀-၅-၂၀၂၃ ရက်နေ့မှ ၂၇-၈-၂၀၂၃ ရက်နေ့အထိ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို ဥပဒေသတ်မှတ်ချက်အတိုင်း စည်းရုံးမှု မပြုနိုင်ခြင်း၊ ပါတီဝင်အင်အား ပြည့်မီရေးအတွက် ၃၁-၁၀-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့သော်လည်း သတ်မှတ်ချက်နှင့် ကိုက်ညီသော အင်အားစာရင်းအား တင်ပြနိုင်မှုမရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါသဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၉) ပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနေသောကြောင့် ၂၀-၁၁-၂၀၂၃ ရက်နေ့၌ ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၂၃) တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင် ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အလုပ်သမားဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်လှစ်



**နေပြည်တော် နိုဝင်ဘာ ၂၀**

အလုပ်သမား ဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သော လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် နေပြည်တော်ကောင်စီ ဝင်းအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းအစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အလုပ်သမားဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးဝင်းရှိန်နှင့် အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်း သားများ စုစုပေါင်း ၉၃ ဦး တက်ရောက်ကြသည်။

**ဖွင့်လှစ်ပို့ချ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန အနေဖြင့် ဒေသတွင်းသာမက နိုင်ငံတကာနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော လုပ်သားထုတစ်ရပ် ပေါ်ထွန်းလာစေရန် မျှော်မှန်းချက်ထားရှိကာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်သမားဝန်ကြီး ဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများတွင် လုပ်သားဈေးကွက် လိုအပ်ချက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုသင်တန်းများ ဖြစ်သည့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း၊ ဂဟေဆက်သင်တန်း၊ လေအေးပေးစက် တပ်ဆင်ပြုပြင်ခြင်း သင်တန်း၊ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းခြင်း သင်တန်း၊ Air Compressor ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှု နည်းပညာသင်တန်းနှင့် ကြွေပြားကပ်သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း။

**စိတ်ပါဝင်စားစွာသင်ယူ**

သင်တန်းသားများအနေဖြင့် လျှပ်စစ်လုပ်ငန်းတွင် ကျွမ်းကျင်မှုရှိစေရန် အခြေခံကျသော စာတွေ့/လက်တွေ့ သင်ခန်းစာများကို စိတ်ပါဝင်စားစွာဖြင့် သင်ယူကြရန်လိုကြောင်း၊ သင်တန်းဆင်းပြီးပါကလည်း NSSA အသိအမှတ်ပြု ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေး ဌာနများတွင် ဝင်ရောက်ဖြေဆို၍ ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များရရှိကာ လုပ်ခလစာ တိုးမြှင့်ရရှိခြင်း၊ ရာထူးအဆင့်တိုးမြှင့်ခြင်း၊ ဝင်ငွေ တိုးတက်လာခြင်းစသော ရလဒ်ကောင်းများ ရရှိခံစားရမည်ဖြစ်၍ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းစဉ်များတွင် ဝင်ရောက်ဖြေဆိုကြရန် တိုက်တွန်းပြောကြားသည်။

**ကြည့်ရှု**

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က အမှာစကားများပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်း၌ ပို့ချမည့် အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကျင်းပ

## ဌာန၏လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်စေရေးအတွက် လုပ်ငန်း စွမ်းဆောင်ရည်မြင့်မားစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်နှင့် တစ်ဦးချင်း လုပ်ငန်း စွမ်းဆောင်ရည်များ တိုးတက်လာစေရန် ရည်ရွယ်၍ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ရုံးချုပ်ရှိ ဝန်ထမ်းသစ်များနှင့် နေ့စားဝန်ထမ်းများအား လေ့ကျင့်ရေးသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းများနှင့် ခရိုင်၊ မြို့နယ်၊ မြို့ရုံးများရှိ ဝန်ထမ်းများအား Digital Library Management System (DLMS) အသုံးပြုနည်း၊ အခြေခံ စာကြည့်တိုက်ပညာ၊ အသစ်ခန့်အပ်သည့် ဒုတိယဦးစီးမှူးများအား လုပ်ငန်းခွင်အကြိုလေ့ကျင့်ရေးသင်တန်း၊ ဓာတ်ပုံရိုက်ကူးတည်းဖြတ်နည်းသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ကြောင်း။

ဌာန၏ လုပ်ငန်းများကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန် ဦးတည်၍ သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ သင်တန်းတွင် ဝန်ထမ်းများအား စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဆိုင်ရာ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်စေရေးအတွက် ဦးစီးဌာန လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ ဘာသာရပ်၊ ရုံးလုပ်ငန်းလက်စွဲ ဘာသာရပ်၊ ဘဏ္ဍာရေးစည်းမျဉ်း ဘာသာရပ်၊ ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်၊ ဝန်ထမ်းရေးရာနှင့် ပြင်/ထိန်း လုပ်ငန်းများ ဘာသာရပ်နှင့် စာရင်းစစ်ကန့်ကွက်ချက် မဖြစ်ပေါ်စေရေး ဘာသာရပ်များ၊ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများအား ခေတ်စနစ်နှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရန် ပြည်သူ့စာကြည့်တိုက် စီမံခန့်ခွဲရေးလုပ်ငန်းများ ဘာသာရပ်၊ Digital library Management System အသုံးပြုနည်း ဘာသာရပ်တို့ကို ပို့ချပေးမည်ဖြစ်ကြောင်း။

ထို့ပြင် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (MIL) ဘာသာရပ်၊ Talk Show ဗီဒီယိုနှင့်သတင်းဗီဒီယို တည်းဖြတ်ခြင်း ဘာသာရပ်နှင့် လူမှုမီဒီယာအကြောင်း သိကောင်းစရာ ဘာသာရပ်၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဘာသာရပ်နှင့် လူမှုမီဒီယာအကြောင်း သိကောင်းစရာဘာသာရပ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း၊ သတင်းမီဒီယာဥပဒေနှင့် နည်းဥပဒေ ဘာသာရပ်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲဆိုင်ရာ လုပ်ငန်းများ၊ ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရုပ်ရှင်နှင့် ဗီဒီယိုကြီးကြပ်ရေး လုပ်ငန်းများ စသည့် ဌာနခွဲများ၏ လုပ်ငန်းများဆိုင်ရာ ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များသည် ဌာန၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့အသုံးပြုရမည်များကို ထည့်သွင်းပို့ချပေးခြင်းဖြစ်သဖြင့် သင်တန်းက သင်ကြားပေးလိုက်သည့် ပညာရပ်များကို လေ့လာမှတ်သား ကြိုးစားလုပ်ဆောင်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ သင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ ဦးစီးအရာရှိ ၃၁ ဦး တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၂၀ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၄)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

(၃၄) နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။




အခမ်းအနားသို့ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCRC) ကို ၁၉၉၁ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး ကမ္ဘာ့ကလေးများနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ၃၁ နှစ် ရှိပြီဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ် ကမ္ဘာ့ကလေးများနေ့ အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ **“For every child, every right” (အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး)** ဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများကို ကမ္ဘာပေါ်ရှိ ကလေးများအားလုံး ရရှိခံစားနိုင်ရန်၊ ခွဲခြားဆက်ဆံခြင်းမရှိဘဲ တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းလှုံ့ဆော်ထားခြင်းဖြစ်ပါကြောင်း၊ ကလေးသူငယ်များ၏ မွေးရာပါ အခွင့်အရေးမဆုံးရှုံးစေရန်၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို မိဘများ၊ ကလေးများနှင့် ပြည်သူလူထုတစ်ရပ်လုံး သိရှိရန်နှင့် ကလေးတိုင်း လက်လှမ်းမီ တန်းတူညီတူ ရရှိနိုင်ရန်အတွက် တာဝန်ရှိသူအားလုံး စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ကလေးသူငယ် အခွင့်အရေးများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် နေပြည်တော် ကလေးပြုစုရေးဌာနနှင့် မူလတန်းကြိုကျောင်းများရှိ ကလေးများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဌာန ငယ်/သင်တန်းကျောင်းများမှ ကလေးများက တေးသီချင်းများဖြင့် သရုပ်ဖော် တင်ဆက်ကပြရာ ပြည်ထောင်စုဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ **(ဝဲပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၌ ကျင်းပသည့် သိုလှောင်ရုံထိန်းသိမ်းခြင်းသင်တန်း (၂/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက ဘေးသင့်သူများအတွက် အခြေခံ လိုအပ်ချက်များဖြစ်သည့် စားရေရိက္ခာ၊ အရေးပေါ်အမိုးအကာနှင့် အသုံးအဆောင်ပစ္စည်းများ လျင်လျင်မြန်မြန် ထောက်ပံ့ရေးသည် အလွန်အရေးကြီးကြောင်း၊ ထိုသို့ ထောက်ပံ့နိုင်ရေး ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနအနေဖြင့် ထောက်ပံ့ရေး ပစ္စည်းများကို ကြိုတင်ဝယ်ယူစုဆောင်း သိုလှောင်ပြီး ဘေးဖြစ်ပွားရာဒေသသို့ အနီးစပ်ဆုံးနေရာမှ အမြန်ဆုံး ထောက်ပံ့နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

ဗဟိုသိုလှောင်ရုံ (ရန်ကုန်မြို့) အနေဖြင့် အောက်မြန်မာပြည်တွင် ရှိသည့် သိုလှောင်ရုံပေါင်း ၆၃ ရုံ၊ ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့) အနေဖြင့် အထက်မြန်မာပြည်တွင် ရှိသည့် သိုလှောင်ရုံပေါင်း ၈၂ ရုံ တို့သို့ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ သိုလှောင်ရုံများအား စနစ်တကျ စီမံခန့်ခွဲနိုင်ရေး၊ ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ရုံများတွင် ထိန်းသိမ်းထားရှိစဉ်ကာလအတွင်း မလိုလားအပ်သည့် လေလွင့်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးနှင့် မမျှော်မှန်းနိုင်သည့် ဖြစ်စဉ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အရေးယူဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သိုလှောင်ရုံထိန်းသိမ်းခြင်းသင်တန်း (၂/၂၀၂၃) သို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်မည်ဖြစ်ပြီး ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနပိုင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ ပြန်လည်ပြုပြင် အဆင့်မြှင့်တင်မည့်အခြေအနေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၀**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ကျောက်တန်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း၊ သီလဝါသဘာဝ ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မည့် အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

**ကြိုတင်စုဆောင်းထား**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက Combine Cycle Power Plant အဖြစ် တိုးချဲ့ရန် လျာထားဆောင်ရွက်ရေး၊ ဓာတ်အားပေးစက်များကို အချိန်မရွေး မောင်းနှင်နိုင်ရန်အတွက် အရန်စက်သုံးဆီများ ကြိုတင်စုဆောင်းထားရှိရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် သီလဝါအထူးစီးပွားရေး နယ်မြေအတွင်း အသစ်ထပ်မံတည်ဆောက်မည့် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ လျာထားမြေနေရာကို သွားရောက်ကြည့်ရှုပြီး မြေပိုင်ဆိုင်မှုရရှိရေးနှင့် စီမံကိန်း အမြန်ဆောင်ရွက်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သာကေတမြို့နယ်ရှိ သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် အင်းစိန်မြို့နယ်ရှိ ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတို့ရှိ ဓာတ်အားပေးစက်များ ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မည့်



အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အရေးပေါ်ဓာတ်အား ဖြန့်ဖြူးပေးရမည့် အချိန်များတွင် ဓာတ်အားပေးစက်များ မောင်းနှင်၍ စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရန်၊ ကုန်ကျစရိတ် သက်သာပြီး အချိန်ကာလတိုအတွင်း စက်စွမ်းရည်ပြည့် ဓာတ်အားထုတ်လုပ်နိုင်ရေး လေ့လာသုံးသပ်ဆောင်ရွက်သွားရန်၊ စက်များအဆင့်မြှင့်တင် ပြင်ဆင်ခြင်းများ ပြုလုပ်ရန်အတွက် လေ့လာမှုများကို ကြိုတင်ဆောင်ရွက်ရန်၊ စက်ရုံများ အဆင့်မြှင့်တင်ပြီးပါက ထပ်မံလိုအပ်မည့် ဓာတ်အားလိုင်း အဝင်/အထွက်များကိုလည်း ကြိုတင်လျာထားဆောင်ရွက်ရန်၊ ဆက်လက်သုံးစွဲရန် မသင့်တော့သည့် ပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ရွာမဓာတ်အားပေးစက်ရုံသို့ ရောက်ရှိစဉ် စက်ရုံဧရိယာအတွင်း လှိုင်မြစ်ကမ်းပါး မြေပြိုကျမှု မရှိစေရေး မြစ်ကမ်းပါး မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြားသည်။

**ဓာတ်အားပေးစက်များစစ်ဆေး**

ပြည်ထောင်စု ဝန်ကြီးသည် ယမန်နေ့ကလည်း အလုံမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်များ ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားကာ ဓာတ်အားပေးစက်များကိုလိုက်လံစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ်၊ တရုတ်နိုင်ငံတကာခရီးသွားပြပွဲနှင့် အာဆီယံ-တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ- ၂၀၂၃ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံလေကြောင်းစီမံခန့်ခွဲရေးဗျူရိုနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရတို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၂၃ ခုနှစ် တရုတ် နိုင်ငံတကာခရီးသွားပြပွဲ (2023 China International Travel Mart) ကို နိုဝင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ အာဆီယံ-တရုတ်ဗဟိုဌာနနှင့် မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း အနုပညာနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ပူးပေါင်းစီစဉ်မှုဖြင့် အာဆီယံ- တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲ ၂၀၂၃ ကို နိုဝင်ဘာ ၁၈ ရက်တွင်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၁၆ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသော နိုင်ငံအလိုက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးက တွေ့ဆုံနှုတ်ဆက်ပြီး ယူနန်ပြည်နယ်နှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းမြို့ရှိ Kunming Duanchi Convention & Exhibition Centre ၌ ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံတကာ ခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနား**(အပေါ်ပုံ)**နှင့် (Nihao China) မင်္ဂလာပါ တရုတ်ပြည်အစီအစဉ်တို့ကို တက်ရောက်ခဲ့သည်။ အဆိုပါ ခရီးသွားပြပွဲကို




တရုတ်နိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားထုတ်ကုန်များ၏ ပုံရိပ်ကိုမြှင့်တင်ရန်၊ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်၊ ခရီးသွားဧည့်သည်များ အပြန်အလှန်သွားလာ လည်ပတ်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာဆီယံ-တရုတ် ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ ရှိဂျုံကြွင်းနှင့်တွေ့ဆုံ၍ မြန်မာ- တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများစီစဉ်ပေးရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်ကြော်ငြာရေး ကူညီဆောင်ရွက်ပေးရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယူနန်ပြည်နယ်ခရီးစဉ်အတွင်း သတင်းမီဒီယာများနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် တရုတ်နိုင်ငံ၊ အထူးသဖြင့် ယူနန်ပြည်နယ်နှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဖြေကြားခဲ့သည်။

နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Empark Grand Hotel Kumming ၌ ကျင်းပပြုလုပ်သည့် အာဆီယံ- တရုတ် ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာအစီအစဉ် (၂၀၁၆-၂၀၂၅) အရ အာဆီယံဒေသအား တစ်ပေါင်းတည်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်လျက်ရှိရာတွင် အာဆီယံဒေသသို့ ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရေးကို မဟာဗျူဟာ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်လျက်ရှိပါကြောင်း၊ ၎င်းမဟာဗျူဟာ လုပ်ငန်းစဉ်အား အကောင်အထည် ဖော်ဆောင်မှုတစ်ရပ်အနေဖြင့် ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ အာဆီယံ+၃ နိုင်ငံများတွင် ယခုကဲ့သို့ ဆွေးနွေးပွဲများ အလှည့်ကျကျင်းပ ပြုလုပ်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများပေးသည့် အာဆီယံ - တရုတ် ဗဟိုဌာန၊ အာဆီယံ- ဂျပန် ဗဟိုဌာနနှင့် အာဆီယံ - ကိုရီးယား ဗဟိုဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ များစွာရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံဒေသ၊ အထူးသဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မိမိထွန်းက မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့် စပ်လျဉ်း၍ Power Point Presentation ဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံတကာခရီးသွားပြပွဲသည် လွန်ခဲ့သော ၂၅ နှစ်မှ စတင်ကျင်းပခဲ့သော ကမ္ဘာ့တတိယအကြီးဆုံးခရီးသွားပြပွဲဖြစ်ပြီး ၂၀၂၃ ခုနှစ် တရုတ်နိုင်ငံတကာခရီးသွားပြပွဲသည် BRI (Belt & Road Initiative) ၏ ၁၀ နှစ်မြောက်နှစ်ပတ်လည်နှစ်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် "Nihao China" မင်္ဂလာပါ တရုတ်ပြည်အစီအစဉ်ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားများကို ဖိတ်ခေါ်ရန်ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ ရန်ကုန်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကလေးသူငယ်များ အကြမ်းဖက်မှုမခံရစေရေး အားလုံးဝိုင်းဝန်းကူညီပေး

ဒေါက်တာခိုင်ခိုင်ဝင်း

နေ့စဉ်ကမ္ဘာကြီးပေါ်ရှိ သန်းပေါင်းများစွာ ကလေးသူငယ်များသည် အကြမ်းဖက်ခံနေရခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခံနေရခြင်း၊ လျစ်လျူရှုပစ်ပယ်ခံနေရခြင်း၊ ခေါင်းပုံဖြတ်ခံနေရခြင်းများကို ပုံစံအမျိုးမျိုးဖြင့် ခံစားနေရပါသည်။

ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းသည် အဆိုးရွားဆုံး ကလေးသူငယ် အခွင့်အရေးချိုးဖောက်ခြင်းဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီးပေါ်ရှိ နိုင်ငံအများအပြားတွင် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းဖြစ်ပေါ်နေခြင်းများမှာ အမြစ်ပမာတွယ်နေပြီး လူမှုအသိုင်းအဝိုင်းကို ခြိမ်းခြောက်လာနေသော ကိစ္စရပ်တစ်ခုလည်း ဖြစ်ပါသည်။

**● ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် အားလုံးနှင့်ဆိုင်သော ပြဿနာဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ရေးတွင် အဟန့်အတားဖြစ်စေသည့်အပြင် အကြမ်းဖက်ခံရမှု အကျိုးဆက်သည် နိုင်ငံ၏ လူမှုစီးပွားတိုးတက်ရေးအပေါ် များစွာအကျိုးသက်ရောက်မှုလည်းရှိသည်ဖြစ်။ အဆိုပါ ပြဿနာသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းမှ ကိုင်တွယ်ဖြေရှင်း၍ရသည့် ပြဿနာမဟုတ်ဘဲ အားလုံးပူးပေါင်း ပါဝင်ဖြေရှင်းရမည့်ပြဿနာဖြစ်**

UNICEF ၏ ၂၀၂၃ ခုနှစ် ဇွန်လတွင် ဖော်ပြခဲ့သည့် အချက်အလက်အရ ကမ္ဘာ့နိုင်ငံစုစုပေါင်း၏ သုံးပုံ တစ်ပုံကျော်တွင် နေထိုင်ကြသူ အမျိုးသမီးငယ်များသည် ငယ်ရွယ်စဉ်အချိန်က လိင်ပိုင်းဆိုင်ရာ ထိပါးခြင်းကို ခံခဲ့ရသူများဖြစ်သည်ဟု ဆိုထားပါသည်။ အကြမ်းဖက်ခံရခြင်းတွင် ပြင်းထန်စွာရိုက်နှက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်း၊ မုဒိမ်းမှုကျူးလွန်ခံရခြင်း၊ လိင်အလွဲသုံးစားပြုခံရခြင်း၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း၊ တရားမဝင်ပြည့်တန်ဆာလုပ်ငန်းများနှင့် ရုပ်ပုံများတွင် အမြတ်ထုတ်အသုံးချခြင်းများ စသည်တို့ ပါဝင်ပါသည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများကို ကလေးသူငယ်များတွင် ကျား/မ မရွေး၊ အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည်ကိုတွေ့ရှိရသလို ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းသော နိုင်ငံများရှိ ကလေးသူငယ်များမှာ ပိုမိုတွေ့ကြုံ ခံစားရလေ့ရှိသည်ဟု လေ့လာသိရှိရပါသည်။

### အခွင့်အရေးတန်းတူရှိသည်ဟု မစဉ်းစားကြ

ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားရခြင်းများတွင် အကြောင်းအရာများစွာ ပါဝင်နိုင်ပါသည်။ ကလေးသူငယ်များသည် လူကြီးများနည်းတူ အခွင့်အရေးတန်းတူရှိသည်ဟု မစဉ်းစားကြခြင်း၊ ကျား/မ တန်းတူညီမျှမှုမရှိ ခွဲခြားဆက်ဆံခြင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအယူအဆများရှိနေခြင်း၊ အယူသည်းမှုများရှိနေခြင်း၊ ဆင်းရဲမွဲတေခြင်း၊ စာမတတ်မြောက်ခြင်းနှင့် ကလေးသူငယ်များသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့်စပ်လျဉ်းပြီး အသိဉာဏ်ဗဟုသုတနည်းပါးခြင်း၊ အများစုသော ကလေးသူငယ်များသည် လိင်ပိုင်းဆိုင်ရာ အသိပညာပေးခြင်းတို့ကို ၎င်းတို့နေထိုင်ရာ အိမ် သို့မဟုတ် ကျောင်းများတွင် သင်ကြားပေးမှုမရှိခြင်း၊ အိတ်ချ်အိုင်ဗွီ အန္တရာယ်ကာကွယ်နိုင်ရေးအတွက် ငယ်ရွယ်သူကလေးများနှင့် လိင်ဆက်ဆံလိုခြင်း စသည့်အချက်များကြောင့်ဟု ဆိုကြပါသည်။

ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်များသည် အများအားဖြင့် ကျူးလွန်ခံရသူ မိန်းကလေး၊ ယောကျ်ားလေးများ၏ ရှက်ရွံ့ကြောက်လန့်မှုများကြောင့် လူသိရှင်ကြား မြင်သာထင်သာသောပြစ်မှုများ ဖြစ်မလာနိုင်ကြဘဲ တိတ်ဆိတ်ပျောက်ကွယ်လေ့

**❖ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်များသည် အများအားဖြင့် ကျူးလွန်ခံရသူ မိန်းကလေး၊ ယောကျ်ားလေးများ၏ ရှက်ရွံ့ကြောက်လန့်မှုများကြောင့် လူသိရှင်ကြား မြင်သာထင်သာသော ပြစ်မှုများ ဖြစ်မလာနိုင်ကြဘဲ တိတ်ဆိတ်ပျောက်ကွယ်လေ့ရှိ။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရသူ ကလေးအများစုမှာ ၎င်းတို့၏ ဖြစ်စဉ်ကို တိုင်ကြားပြောကြားခြင်းမျိုးသည် အလွန်နည်းပါးလွန်းသည်ကို တွေ့ရှိရ**

ရှိပါသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခံရသူ ကလေးအများစုမှာ ၎င်းတို့၏ဖြစ်စဉ်ကို တိုင်ကြားပြောကြားခြင်းမျိုးသည် အလွန်နည်းပါးလွန်းသည်ကို တွေ့ရှိရပါသည်။

အကြောင်းမှာ ၎င်းတို့သည် မိဘများ၏တုံ့ပြန်မှုကို ကြောက်ရွံ့ခြင်း၊ သူတို့ကိုယ်တိုင် ပြဿနာထဲတိုးဝင်မိမှာကို ခံစားကြောက်ရွံ့ခြင်း သို့တည်းမဟုတ် မည်သို့ပြောဆို တိုင်ကြားရမည်ကို မသိကြခြင်းဖြစ်သည်ဟု ဆိုပါသည်။ ငယ်ရွယ်စဉ်ကလေးဘဝက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းကို လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားသူ အများစုသည် ကြီးပြင်း အရွယ်ရောက်သည်အထိ စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲ ထိခိုက်ခံစားရလေ့ရှိသူများ ဖြစ်လာသည်ဟု စစ်တမ်းတစ်ခုမှ ဆိုထားပါသည်။

စစ်တမ်းများနှင့် အထောက်အထားများအရ ကလေးသူငယ်များ လိင်အကြမ်းဖက်ခံရခြင်း၏ နောက်ဆက်တွဲများအနေဖြင့် ကျူးလွန်ခံရသူ ကလေးငယ်များသာမက ၎င်းတို့ မိသားစုဝင်များပါ ရေရှည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပြဿနာများကို ခံစားကြုံတွေ့ကြရသည်ဟု ဆိုထားပါသည်။ ဥပမာဆိုရလျှင် နာတာရှည်ရောဂါ ခံစားရခြင်း၊ ကလေးငယ်တွင် မလိုလားအပ်သော ကိုယ်ဝန်ရရှိသွားခြင်း၊ စိတ်ကျရောဂါဖြစ်လာခြင်း၊ ဘဝတွင် အမည်းစက်ထင်ကျန်ရခြင်း၊ ကျောင်းတက်နေသည့် ကလေးသူငယ်ဖြစ်ပါက ကျောင်းတွင် အဆင်မပြေ ခက်ခဲမှုများနှင့်ရင်ဆိုင်ရခြင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း ဆက်ဆံရေး မပြေလည်ခြင်းတို့ ဖြစ်ပါသည်။

ဖော်ပြပါ နောက်ဆက်တွဲဆိုးကျိုးများသည် ကလေးသူငယ်များကိုယ်တိုင်နှင့် မိဘများအတွက် ယူကျုံးမရ ဝမ်းနည်းစေသည့် ဆိုးကျိုးများ ဖြစ်ပါသည်။ သို့အတွက် ကလေးသူငယ်များ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မခံရစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါကြောင်းနှင့် ကလေးသူငယ်များအတွက် ၎င်းတို့၏ အခြေခံအခွင့်အရေးများဖြစ်သည့် အသက်ရှင်သန်ကျန်ရစ်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်နှင့် ကာကွယ်စောင့်ရှောက်မှုခံစားပိုင်ခွင့်များအတွက် မိဘ၊ ဆွေမျိုး၊ ဆရာသမားများအပါအဝင် အားလုံးတွင် တာဝန်ရှိ၍ စောင့်ရှောက်ပေးကြရမည် ဖြစ်ပါသည်။

### ကလေးသူငယ်များအား စောင့်ရှောက်ကာကွယ်ပေးရမည်

လူ့အခွင့်အရေးရှုထောင့်မှ ကြည့်မည်ဆိုလျှင်လည်း ကလေးသူငယ်များတွင် လူကြီးများနည်းတူ အခွင့်အရေးများရှိ၍ အဆိုပါ အခွင့်အရေးများ ခံစားရရှိနိုင်ရေးအတွက် ကလေးသူငယ်များအား စောင့်ရှောက်ကာကွယ်ပေးရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၉၆ နိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of the Child, CRC) ကို အတည်ပြု လက်မှတ်ရေးထိုးထားကြသည့် စာချုပ်အဖွဲ့ဝင် နိုင်ငံများ ဖြစ်ပါသည်။

အဆိုပါ စာချုပ်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များအနက် စာချုပ်အဖွဲ့ဝင်နိုင်ငံအများဆုံးပါဝင်သည့်စာချုပ်လည်း ဖြစ်ပါသည်။ စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်များ၏ အခွင့်အရေးများအား အပြည့်အဝ အကာအကွယ်ပေးမည်ဆိုသည့် အကြောင်း ကတိကဝတ်ပြုကြလျက် စာချုပ်ကို လက်မှတ်ရေးထိုးကြခြင်းဖြစ်သည့်အလျောက် ကလေးသူငယ်များ၏ အခွင့်အရေးများအား စာချုပ်ပါ ပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်ပေးရမည့် တာဝန်ရှိပါသည်။

စာချုပ်၏ အပိုဒ် (၃၄) တွင် **"စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် ကလေးသူငယ်အား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းတို့မှ ကာကွယ်ပေးရန် လုပ်ဆောင်ပေးရမည်"** ဟု ဖော်ပြပါရှိရာ နိုင်ငံတော်အနေဖြင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းတို့မှ ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေနှင့်မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ပေးရမည်ဖြစ်သည်။

ထို့ပြင် စာချုပ်၏ နောက်ဆက်တွဲစာချုပ်တစ်ခုဖြစ်သော ကလေးသူငယ်များအား ရောင်းချခြင်း၊ ပြည့်တန်ဆာပြုလုပ်ခြင်းနှင့် ညစ်ညမ်းရုပ်ပုံများဆိုင်ရာစာချုပ် ( The Optional Protocol to the CRC on the Sale of Children, Child Prostitution and Child Pornography, OPSC) ကိုလည်း မြန်မာနိုင်ငံက ၂၀၁၂ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးပြီး စာချုပ်အဖွဲ့ဝင်ဖြစ်ခဲ့သည်နှင့်အညီ နိုင်ငံအတွင်း နေထိုင်ကြသူ ကလေးသူငယ်များ၏ အခွင့်အရေးများ ချိုးဖောက်မခံရစေရေး နိုင်ငံတော်အပါအဝင် အားလုံးတွင် တာဝန်ရှိ၍ ကာကွယ်စောင့်ရှောက်ပေးရမည်လည်း ဖြစ်ပါသည်။

ကလေးသူငယ်များအတွက် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါသည်။

### နိုင်ငံ၏လူမှုစီးပွားတိုးတက်ရေးအပေါ် အကျိုးသက်ရောက်

ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် အားလုံးနှင့်ဆိုင်သော ပြဿနာဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရေးတွင် အဟန့်အတားဖြစ်စေသည့်အပြင် အကြမ်းဖက်ခံရမှု အကျိုးဆက်သည် နိုင်ငံ၏ လူမှုစီးပွားတိုးတက်ရေးအပေါ် များစွာအကျိုးသက်ရောက်မှုလည်းရှိသည် ဖြစ်ပါသည်။ အဆိုပါ ပြဿနာသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းမှ ကိုင်တွယ်ဖြေရှင်း၍ရသည့် ပြဿနာမဟုတ်ဘဲ အားလုံးပူးပေါင်း ပါဝင်ဖြေရှင်းရမည့်ပြဿနာဖြစ်ပါသည်။

ကလေးသူငယ်များသည် အသက်အရွယ်မရွေး၊ ကျား/မ မရွေး၊ နေရာမရွေး အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နိုင်သည့်အတွက် မိဘများအပြင် ရပ်ရွာတွင်းရှိ ပြည်သူအားလုံးက အသိတရားကိုယ်စီနှင့် ဝိုင်းဝန်းစောင့်ရှောက်ပေးရန် လိုအပ်ပါသည်။ ကလေးသူငယ်များသည် နိုင်ငံအနာဂတ်အတွက် မျှော်လင့်ချက်၊ မိဘများအတွက် မျှော်လင့်ချက်၊ လူမှုအဖွဲ့အစည်းများအတွက် မျှော်လင့်ချက်အလင်းရောင်များ ဖြစ်ပါသည်။

ကလေးငယ်များ ကိုယ်စိတ်ကျန်းမာစွာဖြင့် ကြီးထွားဖွံ့ဖြိုးလာခြင်းသည် နိုင်ငံ၏ အနာဂတ်ကို တိုးတက်ကောင်းမွန်စေပြီး သာယာဝပြောသော နိုင်ငံဖြစ်လာစေမည်လည်းဖြစ်သည်။ ကလေးများ လုံခြုံမှုရှိစေရန်နှင့် အကြမ်းဖက်ခြင်းများမခံရစေရန် ကျွန်မတို့ အားလုံး ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ကျွန်မတို့ ကလေးများ ကိုယ်၊ စိတ် ကျန်းမာလုံခြုံပါမှ ကျွန်မတို့လည်း ပျော်ရွှင်ရမည်ဖြစ်ပါသည်။ ကလေးသူငယ်များ အကြမ်းဖက်မှုများ မခံရစေရေး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

# ပြင်ဦးလွင် - နောင်ချို - ကျောက်မဲ - လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်၌ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူသွားလာမှုအဆင်ပြေစေရေးအတွက် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

**TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းအပါအဝင် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ကိုင်လျက်ရှိသည့်အပြင် ဒေသအတွင်း ကုန်စည်စီးဆင်းမှု ပျက်ပြားစေရန်အလို့ငှာ စစ်ရေးပစ်မှတ်မဟုတ်သည့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသော လမ်းများအား ကန့်လန့်ဖြတ်မြောင်းကြီးများတူး၍ လမ်းအားဖျက်ဆီးကာ မြေစိုင်များဖြင့် ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်ရာတွင် TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ပြင်ဦးလွင် - နောင်ချို - ကျောက်မဲ - လားရှိုး ပြည်ထောင်စုကားလမ်းမကြီး တစ်လျှောက်ရှိ နောင်ချိုမြို့နယ် ရွှေညောင်ပင် အနီးတွင် တစ်နေရာ၊ လယ်ကျင်းကွေ့ကျေးရွာအနီးတွင် တစ်နေရာ၊ အုမ္မခါးကျေးရွာအနီးတွင် တစ်နေရာ၊ ဂုတ်တွင်းရှူခင်းသာ အနီးတစ်ဝိုက်တွင် တစ်နေရာ၊ နောင်ပစ်လမ်းခွဲနေရာတွင် တစ်နေရာ၊ နောင်ပစ်နှင့် နောင်ပိန်းကျေးရွာကြားနေရာတစ်ဝိုက်တွင် ခုနစ်နေရာတို့၌ မြေဖြတ်ကျင်းများတူး၍ လမ်းအားဖြတ်တောက်ပိတ်ဆို့ခြင်း၊ အချို့နေရာများတွင် သစ်ပင်ကြီးများအား ခုတ်လှဲပိတ်ဆို့ခြင်းနှင့် မြေကြီးများ စုပုံပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့သဖြင့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ သွားလာမှု ရပ်တန့်ခဲ့ရသည်။ ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပြည်သူများ၏ အရေးပေါ် ကျန်းမာရေး ကိစ္စများအတွက် သွားလာရန် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး ဆုံးရှုံးနစ်နာမှုများစွာ တွေ့ကြုံခဲ့ရသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ လမ်းပိတ်ဆို့ဖျက်ဆီးထားသည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၆ ရက်မှစ၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ကာ အတားအဆီးများအား တစ်ဆင့်ပြီးတစ်ဆင့် ဖယ်ရှားရှင်းလင်း၍ အများပြည်သူ အဆင်ပြေချောမွေ့စွာ ပြန်လည်အသုံးပြုသွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက် ညပိုင်းတွင် အကြမ်းဖက်သမားများ ပိတ်ဆို့ဖျက်ဆီးထားသည့် နေရာ ၁၂ နေရာတို့ကို ပြန်လည်ဖယ်ရှား ရှင်းလင်းပေးနိုင်ခဲ့ပြီး ကျောက်မဲမြို့အထိ ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်ကာ အဆိုပါ ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်တွင် ကျန်ရှိသည့် နေရာများကိုလည်း ပုံမှန်အတိုင်း ပြန်လည်အသုံးပြုသွားလာနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုကဲ့သို့ စစ်ရေးပစ်မှတ် မဟုတ်သည့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် လမ်းမကြီးများအား ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေးကို ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နောင်ချိုမြို့နယ် ရွှေညောင်ပင်အနီးတွင် ဖြတ်မြောင်းကြီးများပြုလုပ်ထားမှုနှင့် ပြန်လည်ပြုပြင်ပြီးနောက် တွေ့ရစဉ်။



နောင်ပစ်နှင့် နောင်ပိန်းကျေးရွာကြားတွင် သစ်ပင်ကြီးများ ခုတ်လှဲပိတ်ဆို့ထားခြင်းကို ဖယ်ရှားနေမှုနှင့် ဖြတ်မြောင်းကြီးများ ပြုလုပ်ထားမှုကို ပြန်လည်ပြုပြင်ပြီးနောက် တွေ့ရစဉ်။



လယ်ကျင်းကွေ့ကျေးရွာအနီးတွင် မြေဖြတ်ကျင်းများတူး၍ လမ်းဖြတ်တောက်တားဆီးထားမှုကို ပြန်လည်ရှင်းလင်းစဉ်နှင့် ရှင်းလင်းအပြီး တွေ့ရစဉ်။



မြေဖြတ်ကျင်းများတူး၍ လမ်းဖြတ်တောက်တားဆီးထားမှုကို ရှင်းလင်းပြုပြင်စဉ်နှင့် ရှင်းလင်းပြီးနောက် တွေ့ရစဉ်။



TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူအများ သွားလာသည့်လမ်းကို ဖျက်ဆီးထားမှုကြောင့် လူနာများကို ခက်ခက်ခဲခဲ သယ်ဆောင်သွားလာရသည်ကို တွေ့ရစဉ်။



မြေဖြတ်ကျင်းများတူး၍ လမ်းဖြတ်တောက်ထားမှုနှင့် ပြုပြင်ပြီးနောက် တွေ့ရစဉ်။



ဂုတ်တွင်းရှူခင်းသာအနီးတစ်ဝိုက်တွင် ဖြတ်မြောင်းကြီးများ ပြုလုပ်ထားမှုနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်မှုကို တွေ့ရစဉ်။



နောင်ပစ်လမ်းခွဲ၌ မြေဖြတ်ကျင်းများတူး၍ တားဆီးထားမှုကို လမ်းပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးနောက် တွေ့ရစဉ်။

# အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းသည် နိုင်ငံတော်၏ မဟာဗျူဟာကျသည့် စီမံကိန်းတစ်ခုဖြစ်သဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရမည်



**နေပြည်တော် နိုဝင်ဘာ ၂၀**

စက်ရုံတည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဌာနဆိုင်ရာ အရာရှိကြီးများ၊ စက်ရုံမှူး၊ စက်ရုံတည်ဆောက်ရေးစီမံကိန်း တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသည် နိုင်ငံတော်၏ မဟာဗျူဟာကျသည့် စီမံကိန်းတစ်ခုဖြစ်သဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ခွဲဝေပေးသည့် ဘဏ္ဍာရန်ပုံငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲရန်နှင့် စာရင်းစစ်ကန့်ကွက်ချက်များ မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မီ နည်းပညာဖြစ်၍ စိန်ခေါ်မှုများ ရှိနိုင်သော်လည်း ကျော်လွှားနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ လမ်းညွှန်ချက်များနှင့် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် အချိန်နှင့်တစ်ပြေးညီ စာရင်းစစ်ဆေးခဲ့မှု အခြေအနေကိုလည်းကောင်း၊ စက်ရုံမှူးနှင့် စက်ရုံစီမံကိန်းတည်ဆောက်ရေးအဖွဲ့တို့က နည်းပညာဆိုင်ရာ စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအရ ဆောင်ရွက်ရမည့်လုပ်ငန်း ၄၆၁ ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်း ၁၉၁ ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ငွေအပ်လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်ရုံစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာရန်ပုံငွေများ တင်ပြတောင်းခံရာတွင် စနစ်တကျ စိစစ်တွက်ချက်တင်ပြတောင်းခံသွားရန်၊ ဘတ်ဂျက်ရေးဆွဲရာတွင် ခန့်မှန်းကုန်ကျစရိတ်များကို ဦးစွာတွက်ချက်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းကိုင်တွယ်မောင်းနှင်ရမည့် စက်ပစ္စည်းကိရိယာများ၏ ကုန်ထုတ်လုပ်မှုဆောင်ရွက်သည့် နည်းစဉ်၊ စက်တပ်ဆင်မှုလုပ်ငန်းစဉ်၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ် စသည်တို့ကို ကျေညက်အောင် လေ့လာသင်ယူထားရန်၊ စီမံကိန်းကြီးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေအလွင့်ဆုံးရှုံးမှု မရှိစေရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာရှိ တောင်ကြီးခရိုင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ရွှေဖုံးမှ*

အခြေခံလက်ရက်ကန်းခြောက်လ သင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ် သင်တန်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကာလတိုနည်းပညာ သင်တန်း၊ အထည်ဆေးရေးနှင့် ပန်းပုံရိုက် သင်တန်း၊ သဘာဝဆိုးဆေးသင်တန်း၊ လက်ရက်ကန်း ဖဲနှတ်ကောက်သင်တန်းတို့ကို စနစ်တကျ သင်ကြားလေ့ကျင့်ဆောင်ရွက်ပေးသည့်အပြင် အခြေခံစက်ချုပ်သင်တန်းကိုလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်စေရန်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူလူထုအတွင်း နည်းပညာများ ပျံ့နှံ့စေပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ စီးပွားဖြစ်ထုတ်လုပ်လာနိုင်စေရန်တို့ ရည်ရွယ်ပြီး နှစ်စဉ်စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံလက်ရက်ကန်း ခြောက်လသင်တန်းတွင် လက်ချည်မျှင်ဆွဲနှင့်ဂျပ်ခုတ်၊ အထည်ခွဲစိတ်လေ့လာခြင်း၊ အဖြူချွတ်ဆေးဆိုး၊ အထည်ဒီဇိုင်း၊ လက်ရက်ကန်း စသည့် ဘာသာငါးမျိုးကို တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ကာ သင်တန်းသားသင်တန်းသူ ၂၀ အား စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိပြီး နိုင်ငံတော်မှ စားစရိတ် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေး၍ အဆောင်အခမဲ့ နေထိုင်ခွင့်ရရှိကြောင်း၊ အသက် (၁၆)နှစ်မှ (၂၅)အတွင်း အိမ်ထောင်မရှိသူများ တက်ရောက်နိုင်ကြောင်း၊ အလားတူ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းတွင် အထည်ခွဲစိတ်လေ့လာခြင်း၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်နှင့် စာစည်းကြိုး၊ လက်ရက်ကန်းနှင့် လက်ချည်မျှင်ဆွဲ၊ အထည်ဒီဇိုင်း၊ ချည်မျှင်ထုတ်လုပ်မှုနည်းပညာ၊ အဖြူချွတ်ဆေးဆိုး၊ စက်ရက်ကန်းနည်းပညာ၊ အထည်အလိပ်လုပ်ငန်းသုံးအမျှင်များ စသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



သင်တန်းသူတစ်ဦး အခြေခံလက်ရက်ကန်းသင်တန်း လက်တွေ့သင်ကြားနေမှုကို တွေ့ရစဉ်။

အဆိုပါ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မုံရွာမြို့) မှ ဖွင့်လှစ်သည့် အခြေခံလက်ရက်ကန်း ခြောက်လသင်တန်း၊ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းတို့ကို စိတ်ပါဝင်စားသူများ အနေဖြင့် ရုံးဖုန်းနံပါတ် ၀၇၁-၂၁၂၃၄၊ ၀၉-၄၂၀၇၀၁၅၈၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားရှိပြီး လုပ်ငန်းရှင် ၁၀၀ နီးပါးရှိကြောင်း၊ ရက်ကန်းပညာ တတ်မြောက်ထားသူများသည် မိမိရပ်ရွာတွင် ပုံမှန်ဝင်ငွေရသည့် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီး ဌာန၏ ကြီးကြပ်မှုအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုံရွာမြို့)မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရက်ကန်းလုပ်ငန်းရှင် ၂၀၅၀ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းရှင်တို့အတွက် လိုအပ်သော အလုပ်အကိုင်အခွင့်အလမ်းများ၊ ငွေကြေးများ၊ နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မောင်းက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

---

❐ *ရွှေဖုံးမှ*

သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးစေခြင်း၊ ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လိုက်နာကျင့်သုံးစေခြင်း၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲစေခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်နှိမ်နင်းနည်း စသည့်စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများကိုဟောပြောခြင်းကို ကွင်းဆင်း၍ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

သဲကုန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၄၆၆၆ ဧက၊ နှမ်း ၂၃၃၉ ဧက၊ ပဲမျိုးစုံ ၃၄၃၁၈ ဧက၊ ဖူးစားပြောင်း ၈၂၂၆ ဧက၊ ကြံ ၇၀၂၈ ဧက၊ ကြက်သွန်နီ ၄၂၁ဧက၊ ငရုတ်စို ၂၀၇ ဧက၊ ဟင်းသီးဟင်းရွက် ၁၁၇၄၈ ဧက၊ ပန်းအမျိုးမျိုး ၂၇၁ ဧက စုစုပေါင်း ၆၉၂၂၄ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ရာ ယမန်နေ့အထိ ၇၉ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကျော် (ပြန်/ဆက်)**

---

## ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း)၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ(ကြို့ကုန်း) တွင် “အခြေခံကွန်ပျူတာသင်တန်း” ကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ရွှေက အမှာစကားပြောကြားပြီး ငါးလုပ်ငန်း အတတ်သင်သိပ္ပံ (ကြို့ကုန်း) သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကိုကိုက အခြေခံကွန်ပျူတာ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်း သင်တန်းသား ခြောက်ဦးနှင့် သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၂၀ တက်ရောက်သင်ကြားလျက်ရှိသည်။ သင်တန်းကို ငါးလုပ်ငန်းဦးစီးဌာန စာကြည့်တိုက်နှင့် ကွန်ပျူတာဌာနစုမှ ဒုတိယဦးစီးမှူး ဒေါ်ဝိုင်းမိုန် အပါအဝင် ဆရာမသုံးဦးက သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ကျောက်ပန်းတောင်းမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးဆောင်ရွက်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် စည်းကမ်းမဲ့မော်တော်ယာဉ်များ မောင်းနှင်သွားလာမှုမရှိစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ကျောက်ပန်းတောင်း အရှေ့မြို့ရှောင်လမ်း လမ်းဆုံ၌ ဆောင်ရွက်သည်။

အဆိုပါ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း စစ်ဆေးကြပ်မတ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပြီး ဆိုင်ကယ်စီးဦးထုပ်မဆောင်းသည့် စည်းကမ်းမဲ့ ဆိုင်ကယ်စီးနင်းသူများအား ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ လူစီးမော်တော်ယာဉ်များ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များကို သက်ဆိုင်ရာလုပ်ငန်းသုံးလိုင်စင်၊ လူစီးလိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်နောက်လိုက်လိုင်စင်များ စစ်ဆေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ၁၀၀ ရာခိုင်နှုန်းကျော် ပြန်လည်တိုးတက်

ဘားအံ နိုဝင်ဘာ ၂၀

**ကရင်ပြည်နယ်သည် တောတောင်သဘာဝရှုခင်းများ၊ Lime Stone Mountain ထုံးကျောက်တောင်တန်းကြီးများ၊ လိုဏ်ဂူများ၊ ရိုးရာယဉ်ကျေးမှုများနှင့်ပွဲတော်များ၊ ရေတံခွန်များ၊ သဘာဝပတ်ဝန်းကျင်များကြောင့် ခရီးသွားများကြားတွင် ထင်ပေါ်ကျော်ကြားလျက်ရှိပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ၁၀၀ ရာခိုင်နှုန်းကျော် ပြန်လည်တိုးတက်လာကြောင်း နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဟိုတယ်ကန်သာဦး ခန်းမ၌ ကျင်းပသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ(အခြေခံ) သင်တန်း သုံးမျိုး ဆင်းပွဲမှ သိရသည်။**



ပြည်နယ်အတွင်းသို့ ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ်တိုးတက်ဝင်ရောက်လာသည့်အတွက် ခရီးသွားဧည့်သည်များအား အရည်အသွေးပြည့်ဝသည့်ဝန်ဆောင်မှုများပေးနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတို့၏ ဦးဆောင်ကြီးကြပ်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ကရင်ဇုန်)၏ ပံ့ပိုးမှုဖြင့် အဆိုပါ သင်တန်းများကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့သင်တန်းဆင်းပေးခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ(အခြေခံ) သင်တန်း သုံးမျိုးမှ ရရှိခဲ့သည့် သင်ခန်းစာ၊ ဗဟုသုတ၊ အတွေ့အကြုံများကို မိမိတို့၏လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချပြီး ပြည်နယ်၏ဂုဏ်ကို တိုးတက်စေမည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများ၏ ဝန်ဆောင်မှုအရည်အသွေးကောင်းများ ပေးစွမ်းနိုင်သည့်သူများ ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်များက အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းနှင့် ဧည့်ကြိုသင်တန်းတို့တွင် သင်တန်းထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်နှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လင်းက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။**(ယာပုံ)**

ကရင်ပြည်နယ်အတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ ဟိုတယ်နှင့်တည်းခိုရိပ်သာ ၄၉ လုံး၊ အိပ်ခန်းပေါင်း ၁၆၇၃ခန်းရှိခဲ့ရာမှ ယခုအခါ ဟိုတယ်နှင့်တည်းခိုရိပ်သာ အလုံး ၆၀၊ အိပ်ခန်းပေါင်း ၂၁၅၉ ခန်းအထိ ရှိလာသည့်အတွက် လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်မှု ၂၂ ဒသမ ၄၅ ရာခိုင်နှုန်းတိုးတက်လာသကဲ့သို့ ကာလတူ ဝင်ငွေရရှိမှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ငွေကျပ်သိန်း ၆၂၈၃ ဒသမ ၁၃ သိန်း၊ ၂၀၂၃ ခုနှစ်တွင် ငွေကျပ်သိန်း ၂၅၅၇၇ ဒသမ ၅၁ သိန်း ရရှိခဲ့သည့်အတွက် ၁၀၀ ရာခိုင်နှုန်းကျော်၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် ၂၀၂၁ ခုနှစ် ကိုးလတာကာလတွင် ၃၂၂၆၀ ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ကိုးလတာကာလတွင် ၁၃၄၃၅၉ ဦး ဝင်ရောက်လည်ပတ်ခဲ့သည့်အတွက် ၁၀၀ ရာခိုင်နှုန်းကျော်ပြန်လည်တိုးတက်လာကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဆက်လက်၍ "အခွင့်အရေးအားလုံးရရှိရေး ကလေးငယ်တိုင်းအတွက် ဖော်ဆောင်ပေး"ဆောင်ပုဒ်ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သော (၃၄)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် Video Clip ကို ကြည့်ရှုခဲ့ကြကာ ဘားအံနှင့် လှိုင်းဘွဲ့မြို့များမှ အစိုးရမူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် ပုဂ္ဂလိက မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်များက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ကျောင်းသားမိဘများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ပေးကြသော ရင်သွေးငယ်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရင်သွေးငယ်များနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်ပမှ စက်သုံးဆီသင်္ဘောများ သီလဝါဆိပ်ကမ်းသို့ အဆက်မပြတ်ရောက်ရှိပြီး စက်သုံးဆီများ ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းဒေသကြီးရှိ Teminal များသို့ ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ် ဝင်ရောက်လျက်ရှိရာ **(ယာပုံ)** သက်ဆိုင်ရာ သိုလှောင်ကန်များသို့ နိုဝင်ဘာ ၁၉ ရက်နှင့် ၂ ရက်တို့တွင် စက်သုံးဆီတင်သင်္ဘော သုံးစင်းမှ စက်သုံးဆီများကို ချယူဖြည့်တင်းပေးလျက်ရှိပြီး ထပ်မံ၍ ဆီချယူဖြည့်တင်းရန် အသင့်စောင့်ဆိုင်းနေသည့် စက်သုံးဆီတင် သင်္ဘော တစ်စင်းရှိကြောင်းနှင့် ထပ်မံဝင်ရောက်မည့် စက်သုံးဆီတင် သင်္ဘောများရှိကြောင်း သိရသည်။












စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအနေဖြင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီသယ်ယာဉ် (Bowser)များဖြင့် နေ့ညမရွေး အဆက်မပြတ် ဖြည့်တင်း သယ်ယူပို့ဆောင်ဖြန့်ဖြူးလျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီ အရောင်းဆိုင်ပေါင်း ၁၉၆၀သို့ ဆီသယ်ယာဉ်(Bowser) ၁၃၁၁ စီးဖြင့် 92 Ron ဂါလန် ၁ သန်း ၄ သိန်း ၇ သောင်းကျော်၊ 95 Ron ဂါလန် ၃ သိန်း ၃ သောင်းကျော်၊ ဒီဇယ်ဆီ ဂါလန် ၁ သန်း ၄ သောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ၁ သန်း ၂ သောင်းကျော်ကို ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ပြည်သူများအနေဖြင့် စက်သုံးဆီများကို အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲလျက်ရှိကြောင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ ထွက်ပေါ်နေသော ကောလာဟလသတင်းများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည့် အခြေအနေများ၊ နယ်စပ်ဒေသများမှ တရားမဝင်ဝင်ရောက်လာသော တရုတ်နိုင်ငံသားများအား တရုတ်နိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးမှု အခြေအနေများ၊ ၂၀-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားမှုအခြေအနေများနှင့် နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်များအပေါ် ကောလာဟလသတင်းများ အချိန်ကိုက်ထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ အခြေခံပညာကျောင်းတွေနဲ့ပတ်သက်ပြီး ကောလာဟလများ ထုတ်လွှင့်နေတာကို တွေ့ရပါတယ်။ တချို့သောမြို့နယ်တွေမှာ အခြေခံပညာကျောင်းတွေနဲ့ပတ်သက်ပြီး ကျောင်းပိတ်ရမယ့် အခြေအနေရှိတယ်၊ ကျောင်းပိတ်မယ်ဆိုတာမျိုးတွေကို ကောလာဟလ ထုတ်လွှင့်နေတာ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မည်သည့်ကျောင်းမှ ပိတ်တာမရှိပါဘူး။ ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်သွားမယ်ဆိုတာကို ပြောကြားလိုပါတယ်။ ဒါတွေကို ကျွန်တော်မနေ့က ပြောခဲ့သလိုမျိုး နိုင်ငံတော်ရဲ့ လူမှုရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍတွေကို ထိခိုက်ပျက်စီးစေလိုတဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေက ကောလာဟလထုတ်လွှင့်နေတာပဲ ဖြစ်ပါတယ်။ တက်ရောက်ပညာသင်ကြားနေတဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စိတ်အေးချမ်းသာစွာ ဆက်လက်ပညာသင်ကြားကြဖို့ ပြောကြားလိုပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့အနေနဲ့ တက္ကသိုလ်၊ ကောလိပ်တွေကိုလည်း ဒီလ ၂၃ ရက်နေ့မှာ ပြန်ဖွင့်မှာဖြစ်ပါတယ်။ ၁၆ ရက်နေ့ကနေစပြီး ကျောင်းအပ်လက်ခံနေပြီဖြစ်ပါတယ်။ လက်ခံတဲ့နေရာမှာ အရင်နှစ်ကထက် ပိုမိုလက်ခံရရှိကြောင်း တွေ့ရပါတယ်။ ဒီကြားထဲမှာတော့ နိုဝင်ဘာလ ၁၃ ရက်နေ့မှာ အဝေးသင်စာမေးပွဲတွေ ဖြေဆိုရမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာတော့ လုံခြုံရေးအခြေအနေအရ လွိုင်ကော်နဲ့ ကသာမှာပဲ ဖြေဆိုလို့မရခဲ့တာ ရှိပါတယ်။ အဲဒီဒေသတွေမှာ စာမေးပွဲတွေကို ဆိုင်းငံ့ထားပြီးတော့ ပြန်လည်ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ နယ်စပ်ဒေသတွေမှာ တရားမဝင် ဝင်ရောက်လာတဲ့ တရုတ်နိုင်ငံသားတွေကို ထပ်မံလွှဲပြောင်းမှု ပြုလုပ်ခဲ့ပါတယ်။ ဒီနေ့မှာတော့ တရုတ်နိုင်ငံသား ကျား



(၉၈၂) ဦး၊ မ (၆၀) ဦး၊ စုစုပေါင်း (၁၀၄၂) ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အောင်မြင်စွာလွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာလ (၃၁)ရက်နေ့ကနေ နိုဝင်ဘာလ (၂၀) ရက်နေ့အထိ အမျိုးသား (၁၉၁၇) ဦး၊ အမျိုးသမီး (၁၄၂) ဦး စုစုပေါင်း (၂၀၅၉) ဦးကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံချစ်ကြည်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ထိတွေ့တိုက်ပွဲအခြေအနေများအနေနဲ့ကတော့ ရှမ်းပြည်နယ် (အရှေ့မြောက်) ဒေသမှာတော့ နမ့်ခမ်းမြို့ထဲကို ကျွန်တော်တို့ လုံခြုံရေး ပြန်လည်ရရှိရေး ဆောင်ရွက်နေတဲ့နေရာမှာ ထိတွေ့တိုက်ပွဲတချို့ ရှိခဲ့ပါတယ်။ တာမိုးညဲနဲ့ နမ့်စလပ်မှာတော့ Drop Bomb တွေနဲ့လာပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ သိန္နီဘက်မှာတော့ မြို့ထဲမှာလုံခြုံရေး ပြန်လည်ရရှိရေးအတွက် စိုးမိုးမှုပြန်လည်ရရှိရေး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ကယားပြည်နယ်ဘက်မှာတော့ လွိုင်ကော်ရဲ့ အရှေ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲတချို့ ဖြစ်ပွားခဲ့တာရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ မနေ့ကလိုပဲ ထရွန်အိုင်နဲ့ နုန်းဘူးစခန်းတွေကို လာရောက်ပစ်ခတ်တာ ရှိပါတယ်။ အဲဒီမှာ တပ်မတော်သားတွေအနေနဲ့ ရွပ်ရွပ်ချွံချွံပြန်လည်ခုခံပြီး ပြန်လည်ချေမှုန်းခဲ့တဲ့အတွက် ရန်သူ့ဘက်မှာအကျအဆုံးများစွာ ရှိခဲ့ပါတယ်။ ဒဏ်ရာရမှုများစွာရှိခဲ့တယ်လို့ ကျွန်တော်တို့ သိခဲ့ရပါတယ်။ ဒီနေ့မှာ ပြောချင်တာကတော့ နိုင်ငံတော်ရဲ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ ကောလာဟလသတင်းတွေကို အချိန်ကိုက် ထုတ်လွှင့်နေတာ ရှိပါတယ်။ ပြည်တွင်းပြည်ပ အဖျက်သမားများက ပြည်ဖျက်မီဒီယာများနဲ့ ပူးပေါင်းပြီး ထုတ်လွှင့်နေတာဖြစ်ပါတယ်။ ထင်ယောင်ထင်မှားဖြစ်အောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ စီးပွားရေးအရ စက်သုံးဆီကဏ္ဍကို တိုက်ခိုက်ခဲ့တာရှိပါတယ်။ ဘဏ်လုပ်ငန်းတွေကို တိုက်ခိုက်ခဲ့တာရှိတယ်။ အခုပညာရေးကဏ္ဍကို တိုက်ခိုက်တဲ့နေရာမှာတော့ ကောလာဟလဆိုတာထက် ကျောင်းတွေမှာ တီးတိုးဝါဒဖြန့်တဲ့ ပုံစံမျိုးဖြစ်ပြီး ပြီးမှကောလာဟလဖြန့်တဲ့ပုံစံမျိုးနဲ့ ကျောင်းတွေပိတ်မယ်ဆိုတာမျိုးတွေကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောကြားလိုတာကတော့ ကျွန်တော်တို့ ပြည်သူလူထုအနေနဲ့၊ ကျောင်းသူ ကျောင်းသားတွေအနေနဲ့၊ မိဘတွေအနေနဲ့ မိမိတို့နိုင်ငံရဲ့ အနာဂတ်၊ ကျောင်းသား ကျောင်းသူတွေရဲ့အနာဂတ်ကို လာရောက်ထိခိုက်စော်ကားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုအဖျက်သမားတွေကို ကျွန်တော်တို့ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနဲ့ အားလုံးပူးပေါင်းပြီးတော့ ချေမှုန်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**

## ဘဏ်များနှင့်ပတ်သက်၍ ထွက်ပေါ်နေသည့် ကောလာဟလများသည်မှန်ကန်ခြင်းမရှိဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို အဆင်ပြေစွာဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

**နယ်ဘဏ်ခွဲအချို့သည် မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ကြောင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုရပ်တန့်ခဲ့ရသည်ကို အခွင့်ကောင်းယူ၍ ပြည်ဖျက်မီဒီယာများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်အုပ်စုများကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်များတွင် အဆိုပါ သတင်းများကိုဖော်ပြပြီး ပြည်သူ့ငွေများဆုံးရှုံးကာ ပြည်သူများက ဘဏ်များမှ ငွေများထုတ်ယူ၍ မရတော့သကဲ့သို့ သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူများကစိုးရိမ်ပူပန်မှုများ မြင့်တက်ကာ ဘဏ်များမှ ငွေများကို လိုသည်ထက်ပို၍ ထုတ်ယူနေသည်ကို ကြားသိနေရပါသည်။**

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ်သည် ဘဏ်အချင်းချင်း ချိတ်ဆက်ဝန်ဆောင်မှုပေးသည့် Core Banking System အသုံးပြုလျက်ရှိရာ ဘဏ်ခွဲတစ်ခုခု၏ ဝန်ဆောင်မှုသည်အကြောင်းတစ်စုံတစ်ခုကြောင့် ရပ်တန့်သွားပါကလည်း ပြည်သူများအနေဖြင့် ငွေများထုတ်ယူ၍ မရတော့သည့်အခြေအနေမျိုး ဖြစ်ပေါ်သွားမည်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူနိုင်ပြီး မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်း၊ ဘဏ်ကတ်များဖြင့် ပေးချေခြင်း၊ စာရင်းပြောင်းနည်းများဖြင့် ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်မှုဖြင့် ဘဏ်များသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ကောလာဟလများကို ယုံကြည်ပြီး ဘဏ်များမှ ငွေများကို လိုသည်ထက်ပိုမိုထုတ်ယူ၍ လက်ဝယ်ထားရှိခြင်းကြောင့် အန္တရာယ်ရှိနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်သည့် အခြေအနေမျိုး ဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် ဘဏ်များ၏ ပြင်ပတွင် ငွေသားများလိုသည်ထက် ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် ငွေကြေးဖောင်းပွမှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပြီး ကုန်စျေးနှုန်း ကြီးမြင့်ခြင်းကိုလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။ ပြည်သူများအနေဖြင့် ဘဏ်များမှ ငွေများကို လိုသည်ထက် ပိုမိုထုတ်ယူခြင်းသည် မည်သည့်ရည်ရွယ်ချက်ဖြင့် ထုတ်ယူသည်၊ မည်သည့်နေရာတွင် သုံးစွဲသည်စသည့် သံသယဖြစ်ဖွယ် အခြေအနေများအတွက် တာဝန်ရှိသူများ၏ စောင့်ကြည့်ခြင်းကိုလည်း ခံရနိုင်ဖွယ် ရှိပါသည်။ လက်ရှိအခြေအနေတွင် ဘဏ်များတွင် ငွေသားများ အလုံအလောက်ရှိနေပြီး ဗဟိုဘဏ်ကလည်း ဘဏ်အသီးသီးထံသို့ ငွေသားများ ပံ့ပိုးပေးရန် အသင့်ဆောင်ရွက်ထားရှိသည့်အတွက် ပြည်သူများအနေဖြင့် ငွေများကိုလိုသည်ထက် ပိုမိုထုတ်ယူခြင်းမပြုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ယုံကြည်စိတ်ချစွာဖြင့် ပုံမှန်အခြေအနေအတိုင်း ရယူသုံးစွဲကြပါရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## နိုင်ငံ့ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းဝန်ထမ်းများကိုအခြေခံ၍ တပ်ခွဲ(၂)ခွဲ ဖွဲ့စည်းသည်ဆိုသည့်စာသည် လုပ်ကြံစာအတုသာဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံ့ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းဝန်ထမ်းများကိုအခြေခံ၍ တပ်ခွဲ (၂) ခွဲ ဖွဲ့စည်းထားသည်ဆိုသော လုပ်ကြံသတင်းအတု တစ်စောင် နိုဝင်ဘာလ ၁၇ ရက်တွင် လူမှုကွန်ရက်၌ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။

ယင်းလုပ်ကြံသတင်းအတုတွင် ဌာနအလိုက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် တက်ရောက်ပြီးသော ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း ဝန်ထမ်းများကို အခြေခံ၍ တပ်ခွဲ(၂) ခွဲ ဖွဲ့စည်းထားပြီး လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်အတွက် လိုအပ်ပါက တပ်ခွဲတစ်ခွဲသည် ရုံးပြင်ပထွက်၍ ကူညီရှာဖွေကယ်ဆယ်ရေး တာဝန်ထမ်းဆောင်ရန်နှင့် ကျန်တပ်ခွဲတစ်ခွဲဖြင့် ပုံမှန်ရုံးလုပ်ငန်းနှင့် အုပ်ချုပ်ထောက်ပံ့မှု လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းအပြင် လတ်တလောအခြေအနေအရ မိမိရုံးဌာနအလိုက် ဖွဲ့စည်းထားသော တပ်ခွဲ (၂) ခွဲကို ဌာနအကြီးအကဲက ကွပ်ကဲရန်နှင့် တပ်ခွဲ (၂) ခွဲ ဖွဲ့စည်းမှုကို ပူးတွဲပါအတိုင်းပြုစု၍ ၁၇-၁၁-၂၀၂၃ ရက်နေ့ အရောက် မပျက်မကွက်ပေးပို့တင်ပြရန် အကြောင်းကြားပါသည်ဟုလည်း လုပ်ကြံသတင်းအတုတွင် ဖော်ပြထားသည်။

ယင်းမှာ လတ်တလော ဖြစ်ပေါ်နေသော နိုင်ငံရေး မတည်ငြိမ်မှုကို အခွင့်အရေးယူ၍ မတည်မငြိမ်ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေနေသော သတင်းအတုသာဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**Myo Khine**

# ဒုတိယဝန်ကြီး ဦးရဲတင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက ချောက်မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်ပန်းတောင်းမြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ပခုက္ကူခရိုင်ရုံးနှင့် ညောင်ဦးခရိုင်ရုံးတို့သို့ ရောက်ရှိပြီး ခရိုင်ရုံး ဝန်ထမ်းများနှင့် လက်အောက်မြို့နယ်များမှ မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။



ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်ရုံးသို့ ရောက်ရှိ၍ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မလှိုင်မြို့နယ်ရုံးနှင့် ဝမ်းတွင်းမြို့နယ်ရုံးတို့မှ ဦးစီးအရာရှိများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ ထိုသို့မှာကြားရာတွင် မြင်းခြံခရိုင်ဦးစီးမှူး၊ တောင်သာမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ သာစည်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။ ထို့နောက် မိတ္ထီလာမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ မွန်းလွဲပိုင်းတွင် ပျော်ဘွယ်မြို့နယ်ရုံးနှင့် ရမည်းသင်းခရိုင်ရုံး၊ ညနေပိုင်းတွင် တပ်ကုန်းမြို့နယ်ရုံးတို့သို့ ရောက်ရှိပြီး လုပ်ငန်းဆိုင်ရာများ စစ်ဆေးမှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဝန်ထမ်းကောင်းများပီပီ ကွပ်ကဲကြပ်မတ်မှုနည်းနည်းဖြင့် လုပ်ငန်းတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ကျေပွန်စွာ ထမ်းဆောင်ရေး၊ စာကြည့်တိုက် လုပ်ငန်းများနှင့် လူငယ်အသိပညာပေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရေး၊ နွေရာသီကျောင်းပိတ်ရက် ကာလများတွင် ကျောင်းသား ကျောင်းသူများအား အသိပညာပေးသင်တန်းများ၊ ပြပွဲများ၊ ပြိုင်ပွဲများ ပြုလုပ်ပေးနိုင်ရန် သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်အပါအဝင် လုံခြုံရေးဂရုပြု ဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ မြနန်းစံကျော်ရွှေနန်းတော်၊ ဦးပိန်တံတားနှင့် အနုပညာအထက်တန်းကျောင်း(မန္တလေး) ကြည့်ရှုစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယနေ့ နံနက်ပိုင်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်ထည်ဖော်ဆောင်ရွက်နေသည့် မြနန်းစံကျော် ရွှေနန်းတော် နန်းဆောင်ပတ်လည် သစ်သားကြမ်းခင်း ပြုပြင်ခြင်းလုပ်ငန်း၊ မြေနန်းပြာသာဒ်ဆောင်နှင့် မှန်နန်းဆောင်တို့တွင် ခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှုနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အမျိုးသားကဇာတ်ရုံ (မန္တလေး)၌အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (မန္တလေး)၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး) ဌာနခွဲ၊ အနုပညာဦးစီးဌာန (မန္တလေး) ဌာနခွဲတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ မူဝါဒများနှင့် လုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ဦးပိန်တံတားသို့ ရောက်ရှိပြီး ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှု အမွေအနှစ် တောင်သမန် ဦးပိန်တံတား ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ **(ဝဲပုံ)**

ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အနုပညာအထက်တန်းကျောင်း (မန္တလေး) ဝင်းအတွင်း ပန်းတျာသင်ကြားဆောင် ဆောက်လုပ်နေမှုကို လည်းကောင်း၊ ဗန်းမော်ကျောင်းတိုက်၌ ဗန်းမော်ဆရာတော်ကြီး၏ အထိမ်းအမှတ်ပြတိုက် ဖွင့်လှစ်နိုင်ရေးအတွက် ခင်းကျင်းပြသမည့် ပစ္စည်းများနှင့် ပြသမည့် အခန်းတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ကစားသမား လေးဦးလောက် ပါဝင်လာပါတယ်။ ဆီးရီးယားအသင်းနဲ့ ကစားခဲ့တဲ့ မြောက်ကိုရီးယားအသင်းရဲ့ ခြေစွမ်းကို သေချာလေ့လာထားပါတယ်။ ကျွန်တော်တို့ မြောက်ကိုရီးယားအသင်းနဲ့တွေ့ဆုံတိုင်း သရေတောင် မကစားနိုင်ခဲ့ပေမယ့် အခုပွဲမှာတော့ အမှတ်ရအောင် ကစားသွားပါမယ်။ မြန်မာဘောလုံးပရိသတ်တွေ မကာအိုနဲ့ကစားတဲ့ပွဲလိုမျိုး ကွင်းအတွင်း လာရောက်အားပေးကြဖို့ ပြောကြားလိုပါတယ်'' ဟု ပြောကြားသည်။ မြောက်ကိုရီးယားလက်ရွေးစင်အသင်းနည်းပြချုပ်ဆင်ယောင်နမ်က ''ဒုတိယအဆင့်မှာ အလွန်ကောင်းတဲ့အသင်း၊ အလွန်ညံ့တဲ့အသင်းဆိုတာ မရှိပါဘူး။ မြန်မာအသင်းနဲ့ကစားမယ့်ပွဲအတွက် ပြင်ဆင်မှုတွေ ပြုလုပ်ထားပါတယ်။ ပွဲရလဒ်ကတော့ ကစားတဲ့အခါမှ သိရမှာပါ။ မြန်မာအသင်းနဲ့ပွဲမှာ အကောင်းဆုံးရလဒ်ရရှိဖို့ ကြိုးစားသွားမှာပါ။ မြန်မာရော မြောက်ကိုရီးယားပါ အဖွင့်ပွဲမှာ အရေးနိမ့်ထားလို့ အခုပွဲက နှစ်သင်းစလုံးအတွက် အရေးကြီးပါတယ်။ ဒီကရာသီဥတုက အနည်းငယ်ပူပေမယ့် အခက်အခဲတော့ မရှိပါဘူး'' ဟု ပြောကြားသည်။ မြန်မာ့လက်ရွေးစင် ဂိုးသမား ကျော်ဇင်ဖြိုးက ''ဒီပွဲမှာ အကောင်းဆုံးကြိုးစားသွားမှာဖြစ်ပြီး ပြင်ဆင်ချိန်လည်း ရထားပါတယ်။ မြောက်ကိုရီးယားအသင်းရဲ့ အားသာချက်ကို ကာကွယ်နိုင်အောင် လုပ်သွားမှာဖြစ်ပြီး သူတို့ရဲ့ အားနည်းချက်ကိုလည်း ဘယ်လိုအသုံးချမလဲဆိုတာ ပြင်ဆင်သွားမှာဖြစ်ပါတယ်'' ဟု ပြောကြားသည်။

မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းသည် နိုဝင်ဘာ ၂၁ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပထမပွဲတွင် အဝေးကွင်း၌ ရှုံးပွဲကိုယ်စီ တွေ့ကြုံထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ပထမဆုံးနိုင်ပွဲ၊ ပထမဆုံး ရမှတ်အတွက် အားကုန်ထုတ်ကစားကြမည်ဖြစ်သည်။ နိုဝင်ဘာ ၁၆ ရက်က ယှဉ်ပြိုင်ကစားသည့် အုပ်စုပထမပွဲတွင် မြန်မာအသင်းက ဂျပန်အသင်းကို ငါးဂိုးပြတ်၊ မြောက်ကိုရီးယားအသင်းက ဆီးရီးယားအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အရေးနိမ့်ထားသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သောပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။



ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၉၈၂ ဦး၊ အမျိုးသမီး ၆၀၊ စုစုပေါင်း ၁၀၄၂ ဦးတို့ကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံ လွှဲပြောင်း ပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၀ ရက် အတွင်း တရုတ်နိုင်ငံသား အမျိုးသား ၁၉၁၇ ဦး၊ အမျိုးသမီး ၁၄၂ ဦး၊ စုစုပေါင်း ၂၀၅၉ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ ဝါကျအချင်းချင်းကိုဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့ Conjunctions တွေအကြောင်း ဆက်လက်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Immigrant Life–X" နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ တခြားနိုင်ငံတစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ပြောတဲ့အခါမှာ မိဘကို သတိတရနဲ့ ဖုန်းပြောတဲ့ပုံစံလေးကို Shortest way to talk about "Immigrant Life–X" Phoning Home ဆိုပြီးဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူ (Synonyms) စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ Grammar အပိုင်းမှာလည်း Conjunctions တွေအကြောင်း ဆက်လက်ရေးသားဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

**Conjunctions (စကားဆက်)**

Conjunctions တွေဟာ စကားလုံးတွေကိုဖြစ်စေ၊ စကားစုတွေကိုဖြစ်စေ၊ ဝါကျပိုင်းတွေကိုဖြစ်စေ၊ ပုဒ်အချင်းချင်းကိုဖြစ်စေ၊ အဓိပ္ပာယ်အချင်းချင်းကိုဖြစ်စေ၊ ဝါကျအချင်းချင်းကိုဖြစ်စေ ဆက်စပ်ပေးတဲ့နေရာမှာသုံးတဲ့စကားဆက်တွေပဲ ဖြစ်ပါတယ်။ စကားဆက်များဟာ များသောအားဖြင့် ဝါကျတိုနှစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းထက်ပိုတဲ့ဝါကျတွေကို တစ်ကြောင်းတည်းပေါင်းပြီး ပိုပြီးအဓိပ္ပာယ်ပြည့်စုံအောင် ဆက်ပေးတဲ့ စကားလုံးတွေပဲ ဖြစ်ပါတယ်။ ဒီနေ့ဆက်လက်ဖော်ပြပေးသွားမယ့် စကားစုတွေကတော့ because၊ therefore နဲ့ for တို့ပဲ ဖြစ်ပါတယ်။

**Because (အဘယ်ကြောင့်ဆိုသော်) (အကြောင်းပြချက်ကိုဆက်)**

**(the reason for something)**

အကြောင်းပြချက်ကို ဖော်ပြချင်တဲ့အခါ because နဲ့သုံးပါတယ်။

ဥပမာ–

- I opened the window. (Sentence A) It was very hot.(Sentence–B)
- I opened the window <u>**because**</u> it was very hot.
- We didn't go swimming. (Sentence A) The water wasn't clean. (Sentence B)
  We didn't go swimming <u>**because**</u> the water wasn't clean.
- Lisa is hungry (Sentence A) She didn't have breakfast. (Sentence B)
  Lisa is hungry <u>**because**</u> she didn't have breakfast.

**Because ပါတဲ့ ဝါကျပိုင်းကို ဝါကျရဲ့ ရှေ့ဆုံးမှာလည်း ထားပြီးရေးနိုင်ပါတယ်။** ဥပမာ –

- **Because the water wasn't clean, we didn't go swimming.**
- **Because Lisa didn't have breakfast, she is hungry.**
- **Because it was very hot, I opened the window.**

**Note: In these examples there is more than one conjunction:**
ဆိုလိုသည့်အဓိပ္ပာယ်သက်ရောက်အောင် ရေးသားပြောဆိုရာတွင် တစ်ခါတစ်ရံ တစ်ခုထက်ပိုသော စကားဆက် (Conjunctions) များကို သုံးနိုင်သည်။ ဥပမာ –

- It was late **and** I was tired, **so** I went to bed.
- I always enjoy visiting London, **but** I wouldn't like to live there **because** it's too big.

**Therefore (ထို့ကြောင့်၊ ဒါ့ကြောင့်) (အကြောင်းနဲ့အကျိုးဆက်စပ်မှုကို ဖော်ပြ)**

**(For that reason; consequently)**

Therefore ကို ထို့ကြောင့်၊ ဒါ့ကြောင့်ဟူသော အနက်အဓိပ္ပာယ်နဲ့ သုံးနိုင်ပါတယ်။ Therefore သည် အကြောင်းနဲ့ အကျိုးဆက်စပ်မှုကို ဖော်ပြတဲ့နေရာမှာသုံးတဲ့ စကားဆက်တစ်ခု ဖြစ်ပါတယ်။ ဥပမာ –

- Mg Mg didn't do his homework; **therefore**, he was punished.
- He didn't study hard, and **therefore** he failed the exam.
- The brain used neurons to learn; **therefore,** complex learning through neural networks must be possible.

**Things You Should Know**

- Use "therefore" to show that the second thing you're talking about happening because the first thing happened.
  (အကြောင်းကြောင့် အကျိုးဖြစ်၊ ပထမဟာ လုပ်လိုက်လို့ ဒုတိယဟာ ဖြစ်သွားတယ်ဆိုတဲ့သဘောမျိုး ပြောတဲ့အခါ therefore ကိုသုံးနိုင်ပါတယ်။)
- Place a comma after "therefore" when using it as an introductory phrase or a conjunctive adverb.
  (အစပျိုးနိဒါန်းစကားစု ဒါမှမဟုတ် တွဲဖက် ကြိယာဝိသေသနအဖြစ် therefore ကို သုံးတဲ့အခါ therefore နောက်မှာ "," ကော်မာ ထည့်ပေးရပါမယ်။)
- Place a semicolon before "therefore" and a comma after ward when combining 2 independent clauses into a single sentence.
  (ကိုယ့်ဘာသာကိုယ်ရပ်တည်နိုင်သော ဝါကျပိုင်းနှစ်ပိုင်းကို ပေါင်းစပ်ပြီး ဝါကျတစ်ကြောင်းပြုလုပ်တဲ့အခါမှာ therefore ရှေ့မှာ " ; " ထည့်ပြီး therefore နောက်မှာတော့ "," ထည့်ရပါတယ်။)

**For (အဘယ်ကြောင့်ဆိုသော်)**

For ကိုအဘယ်ကြောင့်ဆိုသော် ဆိုတဲ့အဓိပ္ပာယ်မျိုးနဲ့ ဝါကျတွေကို ဆက်တဲ့အခါမှာ သုံးနိုင်ပါတယ်။ For ဟာ because နဲ့ အဓိပ္ပာယ်ဆင်တူပါတယ်။ စာပေဆိုင်ရာ အရေးအသားတွေနဲ့ တကယ့်ကို Formal အသုံးအနေနဲ့ သုံးပါတယ်။ ဥပမာ –

- Chasing the white stag through the forests, never catching it, of course, <u>**for**</u> it is a creature of legend.
- I believe her, <u>**for**</u> she has never lied to me.
- He cannot come, <u>**for**</u> he is ill.

## VOCABULARY (SYNONYMS)

1. **valiant = brave (ရဲစွမ်းသတ္တိရှိသော)**
2. **valour = bravery (ရဲစွမ်းသတ္တိ၊ သူရသတ္တိ)**
3. **value = worth (တန်ဖိုး)**
4 **velocity = speed (အလျင်၊အရှိန်)**
5 **victory = triumph (အောင်မြင်ခြင်း၊ အောင်ပွဲခံခြင်း)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



## Shortest way to talk about "Immigrant Life – X"

**ဒီတစ်ပတ်မှာတော့ "Immigrant Life–X" နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အခြားတိုင်းပြည်တစ်ခုခုသို့ ရွှေ့ပြောင်းအခြေချနေထိုင်သူများရဲ့ ဘဝတစ်စိတ်တစ်ဒေသအကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို Shortest way to talk about "Immigrant Life–X" ဆိုပြီး ဖော်ပြလိုက်ပါတယ်။**

**Conversation**

**Immigrant Life Part X**

**Phoning Home**

**Laura:** Hi, Mom! It's me, Laura.

**Laura's Mom:** Laura! Nice to hear from you. How are things shaping up for you in Miami?

**Laura:** Everything is fine. I've been working so hard because I want to make a good impression and everything's so new to me. I'm still getting used to it. I'm in the office until seven o'clock every night.

**Laura's Mom:** Oh, you poor thing! Try to take it easy, though. How do you get along with your colleagues? Are you fitting in?

**Laura:** So far so good. They've been very helpful.

**Laura's Mom:** And when do you eat? Have you been eating well?

**Laura:** Oh, yes. The food is amazing here. After work, my colleagues and I go out for something to eat in the restaurant around the corner.

**Laura's Mom:** What about the apartment you live in? Is everything alright?

**Laura:** Yes, everything is great. The apartment is clean and cozy. My room is spacious. It's fully furnished with wardrobe, bed, desk and bedside table. My roommate is nice and easy-going person. Her name is Maggie and we've got so much in common. I've made a lot of other friends too. And what about you, Mom?

**Laura's Mom:** I'm fine. I missed you a lot.

**Laura:** I missed you too.

**Language Focus**

1. **shape up**

   အကောင်အထည်ဖော်သည်။ ဖြစ်ထွန်းတိုးတက်သည်။ ပုံဖော်သည်။

2. **get along with**

   အဆင်ပြေသည်။ ပလဲနံပသင့်သည်။

3. **Are you fitting in? (fit in (with sb/sth))**

   လိုက်လျောညီထွေဖြစ်သည်။

4. **So far so good**

   အခုချိန်အထိ အဆင်ပြေတုန်းပါပဲ။

5. **easy–going person**

   ပျော်ပျော်နေတတ်သူ

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ဂါဇာကမ်းမြောင်၏ အကြီးမားဆုံး အယ်ရှီဖာဆေးရုံမှ မွေးကင်းစကလေးငယ် ၃၁ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့



**ဂျေရုဆလင် နိုဝင်ဘာ ၂၀**
အစ္စရေးတပ်ဖွဲ့က ဟားမားစ်အဖွဲ့ကို စီးနင်းတိုက်ခိုက်ပြီးနောက် ရက်ပိုင်းအကြာတွင် ဂါဇာကမ်းမြောင်၏ အကြီးမားဆုံး အယ်ရှီဖာဆေးရုံမှ မွေးကင်းစကလေးငယ် ၃၁ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ပါလက်စတိုင်းလခြမ်းနီအသင်းက ပြောသည်။

ထိုကလေးငယ်များကို ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ဆေးရုံတစ်ရုံသို့ နိုဝင်ဘာ ၁၉ ရက်တွင် ပြောင်းရွှေ့ပေးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအသင်းက ပြောသည်။ ထိုရက်မတိုင်မီတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးဘက်ဆိုင်ရာလုပ်သား ၂၅ ဦးနှင့် လူနာ ၃၀၀ နီးပါး အယ်ရှီဖာဆေးရုံအတွင်း၌ ရှိနေသေးကြောင်း ပြောသည်။

အဆိုပါ ဆေးရုံဝင်းအတွင်း၌ ဥမင်လိုဏ်ခေါင်းတစ်ခုတွေ့ရှိကြောင်း အစ္စရေးစစ်တပ်ဘက်က ပြောသည်။ ထို့ပြင် တွင်းတစ်ခု အပြင်ဘက်မှ ဥမင်လိုဏ်ခေါင်းအတွင်းသို့ ဝင်ရောက်ရိုက်ကူးထားသော ရုပ်သံဖိုင်တစ်ခုကို အစ္စရေးတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။ ဟားမားစ်စစ်သွေးကြွအဖွဲ့အနေဖြင့် ၎င်းတို့၏လုပ်ရပ်များကို ကာကွယ်ရန်အတွက် ဆေးရုံကိုအသုံးပြုနေကြောင်း အစ္စရေးက ပြောသည်။

ထို့ပြင် နီပေါနိုင်ငံသားတစ်ဦးနှင့် ထိုင်းနိုင်ငံသားတစ်ဦးကို ဟားမားစ်အဖွဲ့က ဓားစာခံအဖြစ် အယ်ရှီဖာဆေးရုံအတွင်းသို့ ခေါ်ဆောင်လာသည့် ဗီဒီယိုဖိုင်နှစ်ခုကို အစ္စရေးတာဝန်ရှိသူများက ပြသခဲ့သည်။ ရာသီဥတုအေးခြင်းကြောင့် ဂါဇာကမ်းမြောင်မှ အိုးအိမ်စွန့်ခွာလာသူများအတွက် အခြေအနေပိုမိုဆိုးရွားသွားစေနိုင်ကြောင်း၊ အများအပြားမှာ အန္တရာယ်ကင်းသည့်နေရာမရှိဘဲ ... ထည် သို့မဟုတ် အမိုးအကာအောက်၌ ခိုလှုံခွင့်မရကြကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက်အထိ အောက်တိုဘာ ၇ ရက်နောက်ပိုင်း ဂါဇာကမ်းမြောင်တွင် လူပေါင်း ၁၂၀၀၀ ထက်မနည်း သေဆုံးပြီးဖြစ်ကြောင်း ပါလက်စတိုင်း ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ အဆိုပါ သေဆုံးသူများထဲတွင် ကလေးငယ် ၅၀၀၀ နီးပါး ပါဝင်ကြောင်း သိရသည်။ အစ္စရေးဘက်ခြမ်းတွင် လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၁၂၀၀ ခန့် ရှိသည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံ၌ လုပ်ကွက်ငယ်လယ်သမားများအား စပါးစိုက်ပျိုးနည်းပညာ သင်တန်းပေး

**ကိုလံဘို နိုဝင်ဘာ ၂၀**
ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ စိုက်ပျိုးရေးဌာနနှင့် သီရိလင်္ကာနိုင်ငံ မဟာဝဲလီ အာဏာပိုင်အဖွဲ့တို့သည် မကြာသေးမီက လုပ်ကွက်ငယ် လယ်သမားများအား စပါးစိုက်ပျိုးရာတွင် ရေရှည်တည်တံ့သော ချဉ်းကပ်နည်းများကို လေ့ကျင့်သင်ကြားပေးမည့် အစီအစဉ်ကို မကြာသေးမီက စတင်ခဲ့သည်။

ကုလသမဂ္ဂ အေဂျင်စီ၏ ထုတ်ပြန်ချက်အရ သီရိလင်္ကာနိုင်ငံရှိ အဓိကစပါးစိုက်ပျိုးသော အမ်ပါရာ၊ ဘာဒူလာ၊ ဟမ်ဘန်တိုတာနှင့် ပိုလွန်နာရူဝါ ခရိုင်လေးခုမှ လယ်သမား ၆၀၀၀ ကို အပင်အာဟာရ ပေါင်းစည်းစီမံခန့်ခွဲမှုကို ကျင့်သုံးခြင်းအတွက် စိုက်ပျိုးရေးအရာရှိများမှ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။ အပင်အာဟာရ ပေါင်းစည်းစီမံခန့်ခွဲမှုသည် စပါးစိုက်ပျိုးမှုတွင် ဓာတ်မြေဩဇာ၊ ရေနှင့် အခြားသွင်းအားစုများ ထိရောက်စွာအသုံးချနိုင်စေရေးနည်းလမ်းများ ပါဝင်သည်။



အပင်အာဟာရ ပေါင်းစည်းစီမံခန့်ခွဲမှုစနစ်ကို အသုံးပြုပြီး ဓာတု ဓာတ်မြေဩဇာများကို ပိုမိုထိရောက်စွာ အသုံးပြုခြင်းဖြင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများသည် ကုန်ကျစရိတ်များကို လျှော့ချနိုင်ပြီး ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ပေးမည်ဖြစ်၍ အနာဂတ်တွင် အမြတ်အစွန်းပိုမိုရရှိကာ ခံနိုင်ရည်ရှိစေမည်ဟု စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က မျှော်လင့်ထားသည်။

အဆိုပါအစီအစဉ်တွင် အရည်အသွေးမြင့်မျိုးစေ့များ အသုံးပြုခြင်း၊ သင့်လျော်သောမြေပြင်ဆင်ခြင်း၊ မျိုးစေ့ထုတ်ခြင်း နည်းလမ်းများ၊ ထိရောက်သောရေစီမံခန့်ခွဲမှုနှင့် ထိရောက်သောပေါင်းပင်၊ ပိုးမွှားနှင့် ရောဂါစီမံခန့်ခွဲမှုတို့အပါအဝင် ကောင်းမွန်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကို အကောင်အထည်ဖော်ရန်လည်း ရည်ရွယ် လုပ်ဆောင်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# တူကီယဲကုန်တင်သင်္ဘောတစ်စင်း ပင်လယ်နက်ကမ်းရိုးတန်းတွင် နစ်မြုပ်

**အန်ကာရာ နိုဝင်ဘာ ၂၀**
သင်္ဘောအမှုထမ်း ၁၂ ဦးပါဝင်သည့် တူကီယဲကုန်တင်သင်္ဘောတစ်စင်းသည် နိုဝင်ဘာ ၁၉ ရက်က မုန်တိုင်းတိုက်ခတ်စဉ် တူကီယဲပင်လယ်နက်ကမ်းရိုးတန်းတွင် နစ်မြုပ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီရာလီကာရာက ပြောကြားသည်။

**အဆက်အသွယ်မရခဲ့**

အာဏာပိုင်များအနေဖြင့် သင်္ဘောအမှုထမ်းများနှင့် အဆက်အသွယ်မရခဲ့ဟု ဝန်ကြီးက အနောက်မြောက်ပိုင်း အီရာ့ဂ်လီမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

ရုရှားဆိပ်ကမ်း တမ်ရိယက်ဆိပ်ကမ်းမှ တူကီယဲရှိ အလီယာဂါဆိပ်ကမ်းသို့ သံမဏိပြုလုပ်ရာတွင် အသုံးပြုသည့် ဖာရိုဆီလီကွန်များ သယ်ဆောင်လာသော ကက်ဖ်ကာမတ်ထ်လာ သင်္ဘောသည် အီရာ့ဂ်လီမြို့အနီးတွင် ရေငုပ်သင်္ဘောကို တိုက်မိပြီးနောက် နစ်မြုပ်သွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**အတားအဆီးများဖြစ်ပေါ်**

အဆိုပါဒေသသည် တနင်္ဂနွေနေ့တွင် အားပြင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး ရာသီဥတုဆိုးရွားမှုကြောင့် ရှာဖွေကယ်ဆယ်မှုများကို လုပ်ဆောင်ရန် အတားအဆီးများ ဖြစ်ပေါ်ခဲ့သဖြင့် ရာသီဥတုအခြေအနေကောင်းမွန်လာချိန်တွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းစတင်မည်ဖြစ်ကြောင်း ဝန်ကြီးရာလီကာရာက ပြောကြားသည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးကြောင့် သေဆုံးသူပေါင်း ၁၅၀၀ ကျော်လာ

**ဒါကာ နိုဝင်ဘာ ၂၀**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုဝင်ဘာ ၁၉ ရက်တွင် သွေးလွန်တုပ်ကွေးရောဂါထပ်မံဖြစ်ပွားသူ ၁၂၈၁ ဦးနှင့် ထပ်မံသေဆုံးသူ ခြောက်ဦးရှိသည့်အတွက် ယခုနှစ် ဇန်နဝါရီလနောက်ပိုင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူပေါင်း ၃၀၁၂၂၅ ဦးနှင့် သေဆုံးသူပေါင်း ၁၅၄၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ဆောင်မှုအထွေထွေညွှန်ကြားမှု ဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်) က ပြောသည်။

နိုဝင်ဘာလ၏ ပထမ ၁၉ ရက်အတွင်း နောက်ထပ်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၀၀၈၀ ရှိကြောင်းနှင့် ပြီးခဲ့သည့်လတွင် ၆၇၇၆၉ ဦး ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၁၉ ရက်တွင် ရောဂါဖြစ်ပွားမှုမှ ပြန်လည်သက်သာလာသူ ၁ ၅၂၂ ဦးအပါအဝင် ရောဂါပြန်လည်သက်သာလာသည့် လူနာပေါင်း၂၉၄၇၅၇ ဦးရှိကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စက်တင်ဘာလတွင် ရောဂါကူးစက်ဖြစ်ပွားသူ ၇၉၅၉၈ ဦးနှင့် သေဆုံးသူ ၃၉၆ ဦးအထိ ရှိသည့်အတွက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အမြင့်မားဆုံးနှင့်ရင်ဆိုင်ခဲ့ရသည်။

**ဆင်ဟွာ**

# ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွား၊ ခုနစ်ဦး သေဆုံးပြီး သုံးဦး ပျောက်ဆုံး

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၀**
ဘရာဇီးနိုင်ငံ တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူခုနစ်ဦးထက်မနည်း သေဆုံးပြီး အခြားသုံးဦးပျောက်ဆုံးနေကြောင်း အရပ်ဘက် ကာကွယ်ရေးဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရီယိုဂရန်ဒီဒိုဆူးလ်ပြည်နယ်တွင် လေးဦးသေဆုံးပြီး နှစ်ဦး ပျောက်ဆုံးကာ ဆန်တာကာတာရီနာပြည်နယ်တွင် သုံးဦး သေဆုံးပြီး တစ်ဦးပျောက်ဆုံးကြောင်းအဆိုပါဌာနကပြောသည်။

ဒေသတွင်း လူပေါင်း ၃၁၀၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်းနှင့် လူပေါင်း ၁၆၀၀ ခန့်မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ ဆန်တာကာတာရီနာပြည်နယ်တွင် မြူနီစီပယ် ၂၉၅ ခုအနက် ၆၂ ခုထက်မနည်း ဘေးသင့်မှုရှိခဲ့ပြီး ၎င်းတို့ထဲမှ ၁၇ ခုကို အရေးပေါ်အခြေအနေ ကြေညာထားကြောင်း၊ လမ်းပန်းဆက်သွယ်ရေးလည်း ပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးဌာနက ပြောသည်။

မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် နိုင်ငံ၏လူဦးရေ အထူထပ်ဆုံးဆော်ပေါလိုမြို့တွင်လည်း အခက်အခဲများ ဖြစ်ပေါ်စေခဲ့ပြီး လေပြင်းတိုက်ခတ်မှုမှာ တစ်နာရီလျှင် ၈၀ ကီလိုမီတာ ကျော်သည့်အတွက် သစ်ပင်များ လဲပြိုကျမှုဖြစ်ပွားခဲ့သည်။

**ဆင်ဟွာ**



# (၅၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပပြုလုပ်



**နေပြည်တော် နိုဝင်ဘာ ၂၀**

(၅၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ မသန်စွမ်းအားကစားပြိုင်ပွဲ၌ ပထမရရှိသော အသင်းအား တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသား/အမျိုးသမီး စုပေါင်း တံခွန်စိုက်ဒိုင်းဆုရရှိသည့် အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူး က တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ (၅၁) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ဆက်လက်ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၀**


နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့် အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။


ထိုသို့ ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊



ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း၊ ကျန်းမာပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "နှင်းဝေသီ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ အမှတ်(၃) ရပ်ကွက်နေ နှင်းဝေသီအား ည ၇ နာရီတွင်လည်းကောင်း၊ "Mee Chaw Lay" Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ချောအိဟန်အား ည ၈ နာရီခွဲတွင်လည်းကောင်း၊ "Bo Bo Thein" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁)ရပ်ကွက်နေ ဗိုလ်ဗိုလ်သိန်း (ခ) ဗိုလ်ဗိုလ်အား ည ၁၀ နာရီခွဲတွင်လည်းကောင်း၊ "KhunSoe Paing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အုံအားကျေးရွာနေ ခွန်မောင်စိုး(ခ) ခွန်စိုးပိုင်အား ယင်းနေ့ည ၁၂ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေစကြိုမြို့နယ်၌ မိုးစိုက်ဝါသီးနှံများ စတင်ခူးဆွတ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ မိုးသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ငရုတ်သီးနှံများအပြင် တောင်သူများ တွက်ခြေကိုက်သည့် ဝါသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိရာ မြေဖြူ၊ ငွေးချို၊ စည်သာ စသည့်ကျေးရွာများတွင် ဝါသီးနှံများကို အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။

ဝါသီးနှံများ စိုက်ပျိုးရာတွင် ပဲစင်းငုံခင်းများ၌ သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြပြီး မျိုးများအနေဖြင့် ဒေသမျိုး ငွေချည်-၉၊ ရွှေတောင်-၁၀ မျိုးများကို ဩဂုတ်လတွင် စတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ထွန်ယက်ခ၊ မျိုးစေ့၊ စိုက်စရိတ်၊ သွင်းအားစု၊ ခူးဆွတ်ရိတ်သိမ်းခြင်းများအတွက် စုစုပေါင်း ကုန်ကျစရိတ်မှာ ငွေကျပ်သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခုနှစ်တွင် ကုန်ကျစရိတ်များ မြင့်မားသကဲ့သို့ ဈေးနှုန်းမှာလည်း မြင့်မားလျက်ရှိကြောင်း၊ ရာသီဥတုအခြေအနေ ကောင်းမွန်သဖြင့် ယခုနှစ်တွင် ဝါသီးနှံများကို နိုဝင်ဘာလမှစတင်၍ ဇန်နဝါရီလအထိ ခူးဆွတ်ရမည်ဖြစ်သဖြင့် ခန့်မှန်း အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၂၀၀ မှ ၃၀၀ အထိ ထွက်ရှိနိုင်ပြီး တောင်သူများ မျှော်လင့်နေသည့် အကျိုးအမြတ် ရရှိမည်ဖြစ်ကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။



DOCA (မကွေး)

# လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန် ၁၀၅၅ ဒသမ ၅၀ တန်၊ ဆန်ကွဲ ၈၈၅ ဒသမ ၀၀ တန်၊ ပြောင်း ၇၇၄ ဒသမ ၆၇၈ တန်နှင့် ဖရဲသီး ၃၄၅ ဒသမ ၂၀ တန် တင်ပို့နိုင်ခဲ့သည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းတွင် တာယာအလုံး ၁၄၀၊ စက္ကူလိပ် ၅၈ ဒသမ ၅၀ တန်၊ ကော်စေ့ ၆၂ ဒသမ ၅၀ တန်၊ ဂျပ်ဖာ ၅ ဒသမ ၅၀ တန်၊ ထွန်စက် ၃၃ စီး၊ တစ်ရှူးလိပ် ၁၂ ဒသမ ၀ တန်၊ ပလတ်စတစ်လိပ် ၁၄ ဒသမ ၀ တန်၊ ကော်ဖော့အခု၂၇၀၀၀၊ ဖော့ ၄ ဒသမ ၅၀ တန်၊ သံချောင်း/ သံပြား ၅၈ ဒသမ ၅၀ တန်နှင့် ကုန်စုံ ၂၃၀ ဒသမ ၀ တန် တင်သွင်းနိုင်ခဲ့သည်။

ဒေသငွေလဲနှုန်းအနေဖြင့် နိုဝင်ဘာ ၁၉ ရက်တွင် တစ်ယွမ်လျှင် ၄၆၅ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

(DOT လွယ်ဂျယ်)

# မြဝတီကုန်သွယ်ရေးဇုန်မှ ငရုတ်၊ ကြက်သွန်နီနှင့် ချုပ်ပြီးအထည်များ တင်ပို့

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငရုတ်သီး (အခြောက်) ၈၄၅ ဒသမ ၉၉၈ တန်၊ ကြက်သွန်နီ ၁၆၃၇ ဒသမ၂၄၀ တန်၊ ချုပ်ပြီးအထည် ၀ ဒသမ ၀၅၆ တန်၊ ဂေါ်ဖီ ၁၉၈၆ တန်၊ မတ်ပဲ ၁၂၈ ဒသမ ၀၀ တန်၊ ကော်ဖီ ၃၆ ဒသမ ၀၀ တန်၊ သတ္တုနှင့် သတ္တုရိုင်းများ ၉၅ ဒသမ ၇၀ တန်၊ ငရုတ် (စိမ်း) (အစို) ၂၇၉ ဒသမ ၄၁၈ တန်၊ နှမ်း (နက်) ၄၀ ဒသမ ၀၀ တန်နှင့် ငါးမျိုးစုံ ၄၁ ဒသမ ၃၇၀ တန်တို့ ဖြစ်သည်။

နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ အများဆုံး တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၃ ဒသမ ၉၉၉ သန်း၊ ချုပ်ပြီးအထည် ဒေါ်လာ ၁ ဒသမ ၈၅၀ သန်း၊ စက်နှင့်စက်ပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၀၅၅ သန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၀၀၅ သန်း၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၈၄၅ သန်း၊ သံနှင့်သံမဏိပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၆၁၆ သန်း၊ အခြားစက္ကူများ ဒေါ်လာ ၀ ဒသမ ၅၆၃ သန်း၊ ဓာတုဗေဒပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၅၄၄ သန်း၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၅၁၉ သန်းနှင့် ဆပ်ပြာ ဒေါ်လာ ၀ ဒသမ ၄၇၆ သန်းတို့ဖြစ်သည်။ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၉၉ ဒသမ ၀၁ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

DOT (မြဝတီ)

# မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင် ကုန်သွယ်ရေးစခန်းအနေဖြင့် နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၅၅၄ သန်း၊ သွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၈၁ သန်း၊ စုစုပေါင်း ကုန်သွယ်မှု ပမာဏ အမေရိကန် ဒေါ်လာ ၀ ဒသမ ၃၆၃၅ သန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မောတောင် ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၁၂၉ ဒသမ ၃ တန်၊ ဂျင်းခရု (အရှင်) ၁၂ ဒသမ ၄ တန်၊ ရွှံ့ကဏန်း(အရှင်) ၆ ဒသမ ၈၅ တန်၊ ကဏန်း(အသေ) ၈ ဒသမ ၃ တန်၊ ရေခူဆားနယ် ၂၄ ဒသမ ၃ တန်၊ ကျောက်ပုစွန် (အရှင်) ၀ ဒသမ ၆၄ တန်၊ ပုစွန်ငါးပိ ခုနစ်တန်၊ ၄က်ပျောသီး ၅၅ တန်၊ ငရုတ်သီးစိမ်း ၁၅ ဒသမ ၈ တန်၊ ကြက်သွန်နီ ၇၀ ဒသမ ၈ တန်၊ တံမြက်စည်း အခု ၃၀၀၀၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ သစ်သီးခြောက်တန်၊ ပလတ်စတစ်ခွက်လေးတန်နှင့် ကြွေပြား ၁၆၀၀ စတုရန်းမီတာ တို့ဖြစ်သည်။

နိုဝင်ဘာလ ၁၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၃၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၇ ဒသမ ၀၉ ကျပ်ခန့်ရှိကြောင်း သိရှိရသည်။

DOT (မောတောင်)

## ၂၀ - ၁၁ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၄၀၀ | | ၆၃၀၀ | ၁၅၀၀၀ | ၅၃၅၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၇၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၇၃၀၀ | ၁၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၀၀ | ၆၄၀၀ | ၁၆၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၃၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၁၅၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၅ | လွိုင်ကော် | ၃၆၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | ၅၂၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၄၃၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၅၀ | | ၄၅၀၀ | ၁၆၀၀၀ | ၅၂၉၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၆၂၀၀ | ၁၇၀၀၀ | ၅၃၀၀ | ၁၄၅၀၀ | ၄၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၄၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၈၀၀ | ၈၂၀၀ | ၆၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၉၀၀ | ၁၇၀၀၀ | ၄၂၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၆၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၆၅၀ | | ၄၀၅၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၄၅၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၁၀၀ | ၃၅၀၀ | ၃၉၀၀ | ၄၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၀၀၀ | ၂၇၅၀ | ၅၀၀၀ | ၁၇၀၀၀ | ၅၄၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၄၅၀ | | | ၁၈၅၀၀ | - | ၄၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၆၈၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၆၅၀ | ၆၅၀၀ | ၇၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၃၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၆၂၀၀ | ၆၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၂၅၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၇၀၀ | | ၅၂၀၀ | ၁၅၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၃၀၀ | ၃၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၈၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၂၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၆၀၀၀ | ၃၈၀၀ | ၁၅၅၀၀ | ၁၈၀၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၀၀ | ၇၅၀၀ | ၆၆၀၀ | ၄၂၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | | ၁၃၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ငွေကျပ် ၁၀၀၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် မြိတ်တွင် ငွေကျပ် ၃၀၀၊ စစ်တွေတွင် ငွေကျပ် ၄၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၄၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၃၁၀၊ ပုသိမ်၊ မန္တလေး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၃၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၅၀၀၊ မြိတ်နှင့် ပုသိမ်တွင် ငွေကျပ် ၂၀၀၊ ကလေးတွင် ငွေကျပ် ၃၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် တောင်ကြီးနှင့် ပဲခူးတွင် ငွေကျပ် ၁၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၅၀၀၊ ပုသိမ်၊ မုံရွာနှင့် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀၊ နနွင်းတက်တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၃၀၀၊ ချင်းတစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ မြေပဲဆန်တစ်ပိဿာလျှင် ကျိုင်းတုံနှင့်တောင်ကြီးတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ မန်ကျည်းသီးတစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၅၀၀၊ အာလူးတစ်ပိဿာလျှင် ကျိုင်းတုံနှင့် တောင်ကြီးတွင် ငွေကျပ် ၃၀၀၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ သကြားတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၃၀၀၊ တောင်ကြီးတွင် ငွေကျပ် ၄၀၀၊ ကြက်သားတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၅၀၀၊ အမဲသားတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၂၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၅၀၀၊ ချင်းတစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၅၀၀ ဈေးကျခဲ့ပါသည်။

(၃) ယနေ့ ဧည့်မထဆန်မှာ ပုသိမ်၊ ပြည်၊ ပဲခူး၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ဆန်သစ်ဈေးနှုန်းထည့်ထားခြင်းဖြစ်ပါသည်။

# မြန်မာ ဗျည်း၊ သရ ဘယ်လောက်ရှိသလဲ သိရမယ်။ အဲဒီ ဗျည်း၊ သရကိုပေါင်းစပ်ပြီးတော့ မြန်မာစာကို ဘယ်လိုဖွဲ့ထားသလဲဆိုတာ သိရမယ်။ သူများတွေကသိပြီး ကိုယ်ကမသိရင် မြန်မာစာနဲ့ ပတ်သက်ပြီးတော့ ကိုယ်အောက်တန်းကျတာပေါ့

ဒေါက်တာထွန်းတင့်(ဒေါက်တာထွန်းတင့်-မြန်မာစာ)

မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၂၂ ခုနှစ်အတွက် အမျိုးသား စာပေ တစ်သက်တာဆုရှင်များကို ရွေးချယ်ချီးမြှင့်ခဲ့ပါသည်။၂၀၂၂ ခုနှစ် အတွက် အမျိုးသားစာပေ တစ်သက်တာဆုရှင်များအဖြစ် ရွေးချယ် ချီးမြှင့်ခံရသော စာရေးဆရာကြီးများအား မြန်မာ့အလင်းမှ တွေ့ဆုံ မေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**ဆရာကြီးဒေါက်တာသန်းဦး (ပြည်စိုးမင်း) သက်ကြီးစာပေပညာရှင်**


ပညာရေးလောက၏ ရှေ့ဆောင်မီးရှူးတန်ဆောင်ဖြစ်သော ပညာရေးပညာရှင်(Educationist) ဖြစ်သူ ဆရာကြီး ဒေါက်တာ သန်းဦးသည် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့သည်။ မြန်မာနိုင်ငံ စာပေလောက၏ အမြင့်ဆုံးဆုကို ဆရာကြီးရရှိခဲ့ခြင်းကြောင့် ဆရာကြီး၏ မိသားစုများ၊ ဆရာကြီး၏ များစွာသော တပည့်များ၊ မိတ်ဆွေအပေါင်းအသင်း များ၊ လုပ်ဖော်ကိုင်ဖက်များက ဝမ်းသာပီတိဖြစ်ကြမည်မှာ ဧကန်မလွဲ ဖြစ်သည်။ ပူဇော်ထိုက်သူကိုပူဇော်၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်း၊ ချီးကျူးထောမနာပြုခြင်းသည် မင်္ဂလာတရားတော်နှင့် ညီပေသည်။ ယခုလည်း သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံပြီး နာယကဂုဏ် ခြောက်ပါးနှင့်အညီ နေထိုင်သူ၊ လူအများက ရိုသေရသူ၊ သက်တော်ရှည် ပညာရေး ပညာရှင်ကြီးဖြစ်သော ဆရာကြီး ဒေါက်တာ သန်းဦးကို မြန်မာ့အလင်းက ဂုဏ်ပြုပါသည်။

ဆရာကြီး ဒေါက်တာသန်းဦးကို မြန်မာသက္ကရာဇ် ၁၂၈၉ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်၊ ၁၉၂၈ ခုနှစ် ဧပြီ ၁၃ ရက်တွင် ပြည်မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် အကြီးမိခင်ကြီး၏ မေတ္တာရိပ်အောက်တွင် ကြီးပြင်းခဲ့ရသည်။ ပြည်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး နိုင်ငံတော် တန်းမြင့် ကျောင်းတွင် ဆက်လက်ပညာသင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဘီအေ(အီးဒီ)ဘွဲ့ကို ဂုဏ်ထူးနှစ်ဘာသာဖြင့် ပထမရပြီး အောင်မြင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဘီဝမ်းဒီ ဘွဲ့ကိုလည်း ပထမ ရရှိပြီး အောင်မြင်ခဲ့သည်။ ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် M.Ed ဘွဲ့ကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီတက္ကသိုလ်မှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ပုသိမ်ဆရာအတတ်သင်ကျောင်း ကျောင်းအုပ်ကြီးတာဝန်ကိုလည်း ၁၉၆၄ ခုနှစ်နှင့် ၁၉၆၅ ခုနှစ် ပညာသင်နှစ် နှစ်နှစ်တာသာ တာဝန်ထမ်းဆောင်လိုက်ရပြီး ရန်ကုန်မြို့ ပညာရေးသုတေသန ဗျူရိုတွင် လက်ထောက်ပညာရေး သုတေသန အရာရှိဖြင့် ပြန်လည်ပြောင်းရွှေ့ခဲ့ရပြန်သည်။ ၁၉၆၇-၁၉၆၈ ခုနှစ်တွင် ပညာရေးသုတေသန အရာရှိရာထူးသို့ တိုးမြှင့်ခန့်အပ်ခံရသည်။

နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနက ဆရာကြီးကို အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်လိုက်သည်။ ခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ၁၉၇၇ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းပေါင်းများစွာကို ဆရာကြီးသည် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။

**စာပေပညာရှင် ဆရာကြီး ဒေါက်တာထွန်းတင့်**
**(ဒေါက်တာထွန်းတင့်-မြန်မာစာ)**

"ဆရာက ကျောင်းဆရာအဖြစ်နဲ့ဝင်တာ။ ၁၉၅၃ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် ရောက်တယ်။ အဲဒီတုန်းက မြန်မာပြည်မှာ တက္ကသိုလ်က အဲဒီတစ်ခုတည်းရှိတာ။ ဂုဏ်ထူးတန်းယူလိုက်တဲ့ အခါကျတော့ ငါးနှစ်တက်ရတယ်။ ၁၉၅၈ ခုနှစ်မှာ ဂုဏ်ထူးတန်း အောင်တယ်။ အောင်တဲ့ နှစ်မှာပဲ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှာ လက်ထောက်ကထိကအဖြစ် ခန့်အပ်ခံရတယ်။ နောက် ၁၉၅၈ ခုနှစ် မှာပဲ ပုသိမ်တက္ကသိုလ်၊ ပြီးတော့ မကွေးကောလိပ်မှာ ငါးနှစ်လောက် ကြာတယ်။ အဲဒီနောက် မကွေးကနေ မန္တလေးကိုရောက်ပြီး အဲဒီမှာ လေးနှစ်လောက်ကြာတယ်။ ပြီးမှ ရန်ကုန်တက္ကသိုလ်ရောက်တယ်။ အဲဒီတော့ ဆရာအများဆုံးလုပ်ခဲ့တာက တက္ကသိုလ်တွေမှာပါ။ ၁၉၅၈ ကနေ ၂၀၀၀ ပြည့်နှစ်အထိပေါ့။ ပြဋ္ဌာန်းတဲ့ မြန်မာစာစာလုံးပေါင်း သတ်ပုံကျမ်းကို လုပ်ဖို့ဆိုပြီးတော့ ဆရာ့ကို ပညာရေးဌာနက မြန်မာစာ အဖွဲ့ကို ပြောင်းလိုက်တယ်။ မြန်မာစာအဖွဲ့မှာ ၁၉၈၁ ခုနှစ်ကစပြီး ရောက်တယ်။ အဓိကတာဝန်က မြန်မာစာ စာလုံးပေါင်းသတ်ပုံကျမ်းကို လုပ်ရတယ်။ ၁၉၆၈ ခုနှစ်မှာ မြန်မာရေးထုံးကျမ်းဆိုပြီးတော့ မြန်မာစာ အဖွဲ့က ထုတ်ခဲ့တယ်။ အဲဒီတုန်းကတော့ ဆရာမရောက်သေးပါဘူး။ ၁၉၇၈ ခုနှစ်မှာ တစ်ကြိမ်ထုတ်ပါတယ်။ အဲဒီတုန်းကလည်း ဆရာ မရောက်သေးပါဘူး။ အဲဒီ ၁၉၇၈ ခုနှစ်က စာအုပ် စာလုံးပေါင်းသတ်ပုံ ကျမ်းကို ပြန်လည်တည်းဖြတ်ဖို့၊ ပြင်ဆင်ဖို့ ပို့လိုက်တော့ ရန်ကုန် တက္ကသိုလ်က မြန်မာစာ အဖွဲ့ကို ရောက်သွားပါတယ်။ ချုပ်ပြောရရင် စာလုံးပေါင်းသတ်ပုံကျမ်းကို လုပ်ခဲ့တဲ့ ၁၉၈၆ ခုနှစ်မှာ နိုင်ငံတော်က နိုင်ငံတော်သုံးအဖြစ်ပြဋ္ဌာန်းထားတဲ့စာအုပ်ဟာ ဆရာတို့လုပ်ခဲ့တာ ဖြစ်ပါတယ်။ ပြီးတော့ မြန်မာ သဒ္ဒါ၊ ကျောင်းသုံးသဒ္ဒါ၊ နောက်ပြီးတော့ အဘိဓာန်တွေ၊ အခု မြန်မာစာအဖွဲ့က ထုတ်တဲ့စာအုပ်တွေမှန်သမျှ အကုန်လုံး ဆရာတို့ပါဝင်ရတာပေါ့။





ဆရာကြီး
ဒေါက်တာသန်းဦး
(ပြည်စိုးမင်း)
ရေးသားသည့်
စာအုပ်များ။


စာရေးတာနဲ့ပတ်သက်ပြီး ပြောရရင်တော့ မြန်မာစာအဖွဲ့မှာ လုပ်နေရင်း ပထမဦးဆုံး ဘာရေးခဲ့လဲဆိုတော့ မြန်မာပင့်ရစ်သတ်ပုံ ဆိုတာလေးကို ရကန်စာပေ၊ အဖွဲ့အနွဲ့နဲ့ ရေးခဲ့ပါတယ်။ နောက်ပြီးတော့ အဲဒီရကန်အဖွဲ့အနွဲ့နဲ့ပဲ မြန်မာ့စကားနက်အဖွင့်ရကန်ဆိုတာ ရေးခဲ့ပါ တယ်။ နောက်တစ်ခါ ဆောင်းပါးလေးတွေတော့ ဟိုးတုန်းက မြဝတီမှာ ရေးခဲ့ပါတယ်။ ၁၀ ပုဒ်၊ ၁၂ ပုဒ်လောက်ရှိမှာပါပဲ။ နောက်ကျတော့ သံတော်ဆင့်မှာ ဆောင်းပါးတွေရေးပါတယ်။ အဲဒီဆောင်းပါးတွေ ပျောက်ပျက်မှာစိုးလို့ စုပေါင်းပြီးတော့ စည်းနဲ့ကမ်းနဲ့ မြန်မာစာဆိုတဲ့ စာအုပ်ကို ထုတ်ခဲ့ပါတယ်။ အခု နောက်ဆုံးထုတ်တာကတော့ ကကြီး ခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည် ဆိုတဲ့စာအုပ်လေးထုတ်တယ်။ ကျန်တာကတော့ မြန်မာစာအဖွဲ့မှာလိုအပ်တဲ့ စာအုပ်လေးတွေထုတ်ခဲ့ တယ်။ အဲဒီလိုနဲ့ စာပေလောကထဲ ဝင်တယ်ပဲထားပါတော့။

ဟိုတုန်းက မြန်မာစာအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်ရယ်၊ ဆရာရယ်၊ ကိုလှမောင် ဆိုတာရယ် သုံးယောက်ပေါင်းပြီးတော့ မြန်မာ အသုံးများဆိုတဲ့ စာအုပ်တစ်အုပ်လည်းထုတ်ခဲ့တယ်။ ကျန်တာတော့ တွေ။ သတ်ပုံဆိုတာလည်း တကယ်ကို အနှစ်သာရပဲ။ အဲဒါကြောင့် ဆရာ့ရဲ့ခံယူချက်ကတော့ မြန်မာ ဗျည်း၊ သရ ဘယ်လောက်ရှိသလဲ သိရမယ်။ အဲဒီ ဗျည်း၊ သရကိုပေါင်းစပ်ပြီးတော့ မြန်မာစာကို ဘယ်လို ဖွဲ့ထားသလဲဆိုတာ သိရမယ်။ ဘာသာတိုင်း၊ ဘာသာတိုင်းမှာ ဗျည်း၊ သရ ဆိုတာရှိတယ်။ သူများတွေကသိပြီး ကိုယ်ကမသိရင် မြန်မာစာနဲ့ ပတ်သက်ပြီးတော့ ကိုယ်အောက်တန်းကျတာပေါ့။ ဒါကြောင့် ဆရာ နောက်ဆုံးရေးခဲ့တဲ့ ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည် ဆိုတဲ့စာအုပ်လေးထုတ်ခဲ့တယ်။ မြန်မာမှန်ရင် မြန်မာစာကိုတော့ သိရမှာပေါ့ဆိုတဲ့ သဘောလေးနဲ့ မြန်မာစာကို သိစေချင်၊ တတ်စေချင်တဲ့ သဘောလေးရှိပါတယ်။ အထူးသဖြင့် မြန်မာတိုင်း ဗျည်း၊ သရ ကို သိပြီးတော့ ကျကျနန သင်ယူလေ့လာစေချင်တဲ့ ဆန္ဒရှိပါတယ်။

ဆရာက အခု အသက်(၈၉)နှစ်ရှိပြီ၊ မကြာခင် (၉၀)ပြည့်တော့မှာပါ။ အဲဒီအချိန်အခါမှာ နိုင်ငံတော်က တစ်သက်တာစာပေဆုဆိုပြီး ပေးပါ တယ်။ ဆရာက တစ်သက်တာစာပေဆုတို့၊ ဘာတို့ကို မျှော်လင့်ခဲ့တဲ့ သဘောလည်း မရှိပါဘူး။ အခုလိုချီးမြှင့်ပေးတော့လည်း ဝမ်းမြောက် ဝမ်းသာ လက်ခံပါတယ်"ဟု စာပေပညာရှင် ဆရာကြီး ဒေါက်တာ ထွန်းတင့်က ပြောကြားသည်။

စာပေပညာရှင် ဆရာကြီး ဒေါက်တာ ထွန်းတင့်အား အဘ ဦးသာကြွယ်- အမိ ဒေါ်ရွှေမ တို့က ၁၉၃၅ ခုနှစ်တွင် ဂန့်ဂေါခရိုင် အနောက်ဂန့်ဂေါရွာတွင် မွေးဖွားခဲ့ပြီး မွေးချင်း ရှစ်ယောက်အနက် ခြောက်ယောက်မြောက် ဖြစ်သည်။ ၁၉၅၃ ခုနှစ်တွင် ဂန့်ဂေါမြို့ အစိုးရ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်၍ ရန်ကုန် တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်

စာပေပညာရှင်
ဆရာကြီး
ဒေါက်တာထွန်းတင့်
(ဒေါက်တာထွန်းတင့်-
မြန်မာစာ)နှင့်
ရေးသားသည့်
စာအုပ်များ။





တိုတိုထွာထွာ စာအုပ်လေးတွေ ထုတ်တာလည်းရှိပါတယ်။ ဆရာက ၁၉၅၈ ခုနှစ်ကနေ တက္ကသိုလ်မှာ မြန်မာစာဆရာအဖြစ်နဲ့ ရောက်လာ တယ်။ ၁၉၅၈ ခုနှစ်ကနေ ၁၉၈၁ ခုနှစ်မှာ မြန်မာစာအဖွဲ့ကို ပြောင်းရ တယ်။ မြန်မာစာအဖွဲ့ကိုရောက်ပြီးမှ ၁၉၉၅ ခုနှစ်မှာ သက်ပြည့် အငြိမ်းစားယူခဲ့တယ်။ အဲဒီကနေ မြန်မာစာအဖွဲ့ အဖွဲ့ဝင်အဖြစ် လုပ်တာ အခုချိန်ထိပါပဲ။ တကယ်တမ်းပြောရရင် အသက် (၂၈)နှစ် သားမှာ မြန်မာစာတာဝန် စတင်ထမ်းဆောင်တယ်ဆိုပါတော့။ မြန်မာစာတာဝန် ထမ်းဆောင်တာ သက်တမ်းအားဖြင့် ၆၆ နှစ် ရှိပါပြီ။

ဆရာရဲ့သဘောထားကတော့ မြန်မာစာကို မြန်မာတိုင်း အခြေခံ လေးလောက်တော့ သိဖို့လိုတယ်လို့ ထင်ပါတယ်။ မြန်မာမှာ ဗျည်း ဘယ်နှလုံးရှိတယ်၊ သရ ဘယ်နှလုံးရှိတယ်၊ အဲဒီ ဗျည်း၊ သရ တွေကို ပေါင်းစပ်ပြီးတော့ မြန်မာစာပေရယ်လို့ ရေးသားပြုစုထားတာ လူတွေ ဘယ်လောက်သိကြသလဲ။ မြန်မာတွေကိုမေးကြည့်ရင် အခုမြန်မာ နိုင်ငံမှာ လူဦးရေ ၅၄ သန်းရှိတယ်ဆိုပါတော့၊ မေးကြည့်ရင် မြန်မာမှာ ဗျည်းဘယ်လောက်ရှိတယ်၊ သရ ဘယ်လောက်ရှိတယ်ဆိုတာ သေချာ မသိကြဘူးနော်။ အဲဒါတွေက မြန်မာစာရဲ့ အဓိက အခြေခံအနှစ်သာရ

တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူး(မြန်မာစာ)ဘွဲ့ ရရှိခဲ့သည်။ ထိုနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ လက်ထောက်ကထိကအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထို့နောက် ပုသိမ်၊ မကွေး၊ မန္တလေး၊ မော်လမြိုင် ကောလိပ်/တက္ကသိုလ်များတွင် လက်ထောက်ကထိက၊ ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်မှ မဟာဝိဇ္ဇာ(မြန်မာစာ)ဘွဲ့ ရရှိခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းတက္ကသိုလ်တွင် မြန်မာစာပို့ချခြင်း၊ မြန်မာ-တရုတ်အဘိဓာန်ပြုစုခြင်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် မြန်မာစာအဖွဲ့ဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်း ဆောင်ခဲ့သည်။ စာတည်း၊ စာတည်းမှူး၊ စာတည်းမှူးချုပ်၊ ညွှန်ကြား ရေးမှူး တာဝန်များထမ်းဆောင်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် မြန်မာစာအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူခဲ့ပြီး ယခုအချိန်အထိ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။ မြန်မာစာကို သိပ္ပံနည်းကျ ခြေခြေမြစ်မြစ် လေ့လာထားသူဖြစ်ပြီး မြန်မာဝေါဟာရတိုင်း ပေါင်းစည်းခြင်းဟူသော အနက်ရှိသလောဟူသော ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာပါရဂူဘွဲ့ ရရှိခဲ့သည်။

**အာကာလင်း၊ ဓာတ်ပုံ-တင်စိုး**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | ဘဝ၏ပျော်ရွှင်ခြင်း၊ အချစ်၏ လှပခြင်း | THAR HTWE | ဦးဝင်းသူရလွင် အိပ်မက်အသစ်စာပေ |
| ၂။ | ရောရောယောင်ယောင် မောင်ဘမောင် ဝတ္ထုတိုများ(စတုတ္ထအကြိမ်) | မြင့်သန်း | ဦးစိန်ဝင်း နှစ်ကာလများစာပေ |
| ၃။ | ဆိပ်ကမ်း(ဒုတိယအကြိမ်) | အေးမင်းစော | ဦးလပြည့်ဝေး ဆန်းစသော်တာစာအုပ်တိုက် |
| ၄။ | ပြည်သူ့ရေးရာမူဝါဒ(ဒုတိယအကြိမ်) | ထင်အောင်အောင် | ဦးတင်စိုး ကောင်းဆုစံစာပေ |
| ၅။ | နွေမကြောက်သော စိန်ပန်းများနှင့်သုတ ရသစာစုများ | ချယ်ရီသက်သေ | ဒေါ်အိအိချို မြဝတ်ချိုစာပေ |
| ၆။ | ပန်းပွင့်များရဲ့ဒိုင်ယာရီ | ကြည်ကြည် | ဦးဟိန်းဇော် ဇာတိမြေစာပေ |
| ၇။ | မီးလောင်မြေ(တတိယအကြိမ်) | မြသန်းတင့် | ဦးနေဝင်း ဘဝတက္ကသိုလ်စာပေ |

ပြန်ကြားရေးဝန်ကြီးဌာန

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“နိုင်ငံတော်ကို အမုန်းတကယ် ချစ်မြတ်နိုးသူများ”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မရှိနိုင်တဲ့ ဘဏ်ကောလာဟလ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ သစ်တောကျောင်းသားဟောင်းများအဖွဲ့ ပထမအကြိမ်တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံ သစ်တော ကျောင်းသားဟောင်းများအဖွဲ့ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်က အင်းစိန်မြို့နယ် ကြို့ကုန်းသစ်တောဝင်း အတွင်း၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် အဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလွင်က အမှာစကား ပြောကြားပြီး အကြီးတန်းအတွင်းရေးမှူး ဦးဇော်မြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးတို့က အဖွဲ့ရှေ့လုပ်ငန်းစဉ်များနှင့် ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ထို့နောက် တက်ရောက် လာကြသူများက အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။


**ကိုကြီးတင်**

## မြန်မာစာပေပညာရှင် စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်) ကွယ်လွန်

**နေပြည်တော် နိုဝင်ဘာ ၂၀**


၁၉၅၀ ဝန်းကျင်ကာလ၌ လင်းယုန်ဂျာနယ်တွင် မောင်းသံဝတ္ထုတိုဖြင့် မြန်မာစာပေလောကသို့ စတင်ဝင်ရောက်လာခဲ့သူ ပခုက္ကူစာပေ တစ်သက်တာဆုရှင် စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်) သည် နိုဝင်ဘာ ၁၉ ရက် ညနေ ၆ နာရီ ၁၅ မိနစ်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် နေအိမ်၌ ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။

ဆရာမကြီးမှာ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတို့၏ ကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးတစ်ဦးလည်းဖြစ်ပြီး ကွယ်လွန်ချိန်တွင် ၉၁ နှစ် ရှိပြီဖြစ်ကြောင်း သမီးဖြစ်သူ ဒေါ်ချိုချိုလတ်ထံမှ သိရသည်။




ဆရာမကြီးကို ပဲခူးတိုင်းဒေသကြီး ဝမ်းဘဲအင်းကျေးရွာ ကျောင်းအုပ်ဆရာကြီး ဦးဖိုးချစ်နှင့် ဒေါ်စိန်မေတို့က မွေးဖွားခဲ့ပြီး မွေးချင်းခုနစ်ဦးအနက် ဆဋ္ဌမမြောက် ဖြစ်ခဲ့သည်။

လုံးချင်းစာအုပ်များဖြစ်သည့် သမင်ဖြူ (၁၉၆၁ ခုနှစ်)၊ ကျွန်မတို့မိန်းမသား(၁၉၆၂ ခုနှစ်)၊ ဟောင်းရွက်ကြွေလျှင် (၁၉၆၆ ခုနှစ်)၊ လိုက်လာလျှင် ရွှံ့စင်ရော့မယ် (၁၉၆၇ ခုနှစ်)၊ မေတ္တာမဏ္ဍိုင် (၁၉၈၀ ဝန်းကျင်)၊ မြပွင့်မွှေး (၁၉၈၀ ဝန်းကျင်) စသည်တို့ကိုရေးသားခဲ့ပြီး ဝတ္ထုတို ၆၀၀ ကျော်နှင့် မဂ္ဂဇင်းဝတ္ထုရှည် ၃၀ ကျော် ရေးသားခဲ့သူဖြစ်သည်။ ဘာသာရေးဆိုင်ရာ စာအုပ်များဖြစ်သည့် လူငယ့်ကြေးမုံရတနာသုံးပုံ၊ ပရိတ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ၊ ကြံတိုင်းအောင် ဆန္ဒပြည့်ဂါထာတော်များ၊ ဣစ္ဆာသယဂုဏ်တော်ဖြစ်ရပ်ဆန်း၊ ကျိုက္ကလွန်ပွန်းစေတီတော်သမိုင်း၊ ဒေးစွန်ပါစေတီတော်သမိုင်း၊ ပထမဦးဆုံး နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ စသည့်စာအုပ်များကိုလည်း ဆရာမကြီးက ရေးသားပူဇော်ခဲ့သည်။




မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးဖြတ်သန်း ဘဝလမ်း (ကဗျာစာအုပ်)နှင့် သူရဲကောင်းတို့ စိတ်ဓာတ် (ပုံပြင်စာအုပ်)(ပလုပ်တုတ်ဂျာနယ်ပါပုံပြင်များစုစည်းမှု)မှာ ဂျာမနီနိုင်ငံ ဘွန်းတက္ကသိုလ်၏ ဝိဇ္ဇာတန်းအရှေ့တိုင်း ဘာသာရပ် မြန်မာဘာသာသင်ရိုးအတွက် ပြဋ္ဌာန်းခံခဲ့ရသည်။ ထို့ပြင် ပြည်ပပညာရှင်အချို့၏ မြန်မာစာပေ ပါရဂူဘွဲ့အတွက် စာတမ်းများပြုစုရာတွင်လည်း External co-Advisor အဖြစ် ဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ ဒဂုံအရှေ့မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ (နောင်စာရေးဆရာအသင်း)၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် ၁၄ နှစ်ကြာ ဆောင်ရွက်ခဲ့ပြီး မကွယ်လွန်မီအချိန်တွင် နာယကအဖြစ် စာပေတာဝန်များ ကျေပွန်ခဲ့သူလည်းဖြစ်ကြောင်း သိရသည်။

စာပေလောကအတွင်း ဆရာမကြီး၏ ထူးချွန်ထင်ရှားသည့် ဂုဏ်ပုဒ်များကြောင့် ၂၀၁၉ ခုနှစ်အတွက် ပခုက္ကူစာပေတစ်သက်တာဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ပြီးခဲ့သည့် မေလက စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်) ၏ အသက် (၉၀) ပြည့် အထိမ်းအမှတ်အဖြစ် ပန်းတံခါးအဖွင့်နှင့် အခြားဝတ္ထုတိုများစာအုပ်ကို ထုတ်ဝေခဲ့ပြီး စာအုပ်မိတ်ဆက်ပွဲအခမ်းအနားတွင် စာပေပညာရှင်များနှင့် စာရေးဆရာကြီးများက ဆရာမကြီးအား အမှတ်တရဂုဏ်ပြုစကားများ ပြောကြားခဲ့ကြသည်။

စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်) ကွယ်လွန်ခြင်းသည် မြန်မာစာပေလောကအတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပြီး ကွယ်လွန်ချိန်တွင် သမီးဖြစ်သူ ဒေါ်ချိုချိုလတ်၊ မြေးသုံးဦးနှင့် မြစ်သုံးဦးတို့ ကျန်ရစ်ကြောင်း မိသားစုဝင်များထံမှ သိရသည်။ **ခင်ရတနာ၊ ဓာတ်ပုံ - မိသားစုဝင်များ**

## အင်းစိန်မြို့နယ် လှိုင်မြစ်ဆိပ်ကမ်း၌ သုံးထပ်ကုန်တင်သင်္ဘော မီးလောင်မှုဖြစ်ပွားပြီး နှစ်ဦးသေဆုံး၊ သုံးဦး ဒဏ်ရာရ

**ရန်ကုန် နိုဝင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပုလဲလမ်း လှိုင်မြစ်ဆိပ်ကမ်း၌ နိုဝင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီခန့်က သုံးထပ်ကုန်တင်သင်္ဘောတစ်စင်း မီးလောင်မှုဖြစ်ပွားပြီး နှစ်ဦးသေဆုံးကာ သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ပိုင်ရှင် ဦးသက်ထွေး (၆၀ နှစ်)၏ အလျား အနံ(၂၅x၁၁၇)ပေ ခန့်ရှိ မိုးမြင့်ကြယ်-၁၅ သုံးထပ်ကုန်တင်သင်္ဘောတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုမှာ သုံးထပ်ကုန်တင်သင်္ဘော ပထမထပ်၌ သင်္ဘောတံခါး ဝရိန်ဆော်ရာမှ မီးပွားပွင့်ထွက်၍ အောက်ရှိ ဆီဝှေ့ထွက်နေသော ဆီကန်(ဒီဇယ်)အနီးရှိ တင်ဒါပီပါများ၊ စာအုပ်များပေါ်သို့ မီးပွားကျရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ အင်းစိန်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ အင်းစိန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ဇင်လတ်၊ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးနှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်ခြောက်စီးတို့ဖြင့်သွားရောက်၍ မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဦးဇော်မင်းအောင်(၂၅ နှစ်)၊ ဦးရဲခိုင် (၄၅ နှစ်) တို့နှစ်ဦး သေဆုံးခဲ့ကာ ဦးအေးမင်း (၄၃ နှစ်)၊ ဦးကျော်ဇင်လင်း (၂၃ နှစ်) နှင့် ဦးမင်းမင်းဦး (၄၉ နှစ်) တို့ သုံးဦးတွင် မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် သင်္ဘောပေါ်ရှိ ဘီလပ်မြေအိတ် ၅၀ ခန့်နှင့် သင်္ဘောကိုယ်ထည်အနည်းငယ် မီးလောင်ပျက်စီးခဲ့သည်။

မီးလောင်မှုကြောင့် ဒဏ်ရာရသူများကို အင်းစိန်မြို့နယ် တွဲလက် လူမှုကူညီရေးအသင်းနှင့် ကနောင်လူမှုကူညီရေးအသင်းတို့က အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖွဲ့ထက်ကို(မြန်/ဆက်)**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- ➢ မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ
- ➢ ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာ၊ ကွင်းအမှတ်(၅၃၀င)၊ ကုန်းတလဘောင်ကွင်း၊ ဘားလား–ရွှေနံ့သာ သစ်ခွစိုက်ပျိုး ထုတ်လုပ်ရေးအထူးဇုန် ဧရိယာမှ မြေကွက်အမှတ်(၁၅၁)၊ အကျယ်အဝန်း(၁ဒသမ၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မြင့်(ဘ)ဦးစံခင် ၁၀/ပမန(နိုင်) ၀၀၈၄၇၃ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရင်ယုံလှိုင်(ဘ)ဦးရင်ယု ၁၃/လရန(ပြု)၀၀၀၃၇၃က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ ၁၀ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးရန်နိုင် LL.B, DBL, DIPL,DL–101 (WIPO)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၈၄၇)

ဦးနေမျိုးထွဋ် LL.B.,Diploma in Business Law
အထက်တန်းရှေ့နေ(စဉ်–၂၉၉၄၃)

အမှတ်(၄၀၁/၅)၊ ၁၅၄လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၆၂၈၂၀၄၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၄) ချယ်ရီလမ်း၊ မြေကွက်အမှတ်(၁၀/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဒေါ်မြင့်သန္တာကျော်(၉/ပမန(နိုင်)၀၀၁၆၉၃)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်မြင့်သန္တာကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရံငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ (စဉ်–၄၃၆၈၈)

Ph,09421746974

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)

သန်လျင်မြို့နယ်တရားရုံးတော်

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် (၁၀၇)

ဦးတိုးဝင်းနိုင် (တရားလို) နှင့် ဒေါ်ယဉ်ယဉ်အေး (တရားပြိုင်)

သဃ်န်းကျွန်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဇာဂ(၁၇)လမ်း၊ အမှတ်(၈၂၅) တွင် နေထိုင်သူ ဒေါ်ယဉ်ယဉ်အေး(ဘ)ဦးသော်ဒဲကနူး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတိုးဝင်းနိုင် က “အကြွင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု” နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် (၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်) နေ့မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းရတနာ)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
သန်လျင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၃၉၉/က)၊ စတုတ္ထထပ်၊ (၅–လွှာ)၊ ဧရိယာ အကျယ်အဝန်း (၁၈ပေx ၅၅ပေ)ရှိသော တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြု ဝန်ခံပြောဆိုသူ ဒေါ်ခင်လင်းရီ ၁၀/မလမ(နိုင်)၂၃၈၃၆၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ရွှန်းနန္ဒီ ၁၂/ဥကတ(နိုင်)၂၀၂၄၉၉

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်လှဲ့လှဲ့ကြည်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၅၅၂)

အမှတ် ၃၉၊ မာန်ပြေ ၆လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉– ၇၉၆၈၁၄၄၈၉၊ ၀၉–၇၃၁၃၄၀၁၀

## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **“မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်”** အသိပေးအပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီဌေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

(၂၀ – ၁၁ – ၂၀၂၃)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၁၅ ကျပ် | ၂၂၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၀၅ ကျပ် | ၂၁၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



**သွေး သည် အသက်**

✳ *ကျောဖုံးမှ*

အိုက်စလန်အသင်းသည် ယခုပွဲစဉ် မတိုင်မီကတည်းက နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်နည်းပါးနေပြီ ဖြစ်သော်လည်း အသင်းဂုဏ်သိက္ခာပိုင်းအရ အဓိက ကစားသမားအများစုဖြင့် ပေါ်တူဂီအသင်းကို ရင်ဆိုင်လာခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် မန်ယူကွင်းလယ်ကစားသမား ဖာနန်ဒက်စ် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည်။

ထိုသွင်းဂိုးကြောင့် ယူရို ၂၀၂၄ ခြေစစ်ပွဲတွင် အသင်းအတွက် သွင်းဂိုးခြောက်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ရှစ်ကြိမ် ပြုလုပ်ပေးနိုင်ခဲ့သည်။ ပေါ်တူဂီအသင်းသည် ဇန်နဝါရီလတွင် ရော်ဘတ်တိုမာတီနက်ဇ်ကို နည်းပြအဖြစ် ခန့်အပ်ပြီးနောက် ယခုနှစ်တွင် ကစားခဲ့သည့်ပွဲတိုင်း အနိုင်ရရှိသည့် မှတ်တမ်းပိုင်ဆိုင်ခဲ့သည်။

ထို့အပြင် ပေါ်တူဂီအသင်းသည် ယူရိုခြေစစ်ပွဲတွင် ၁၀ ပွဲကစားပြီး ရဂိုး ၃၆ ဂိုးအထိရှိကာ ပေးဂိုး နှစ်ဂိုးသာ ခွင့်ပြုပေးထားရသည်။ ယခုပွဲတွင် ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို ဖာနန်ဒက်စ်နှင့် ဟော်တာက သွင်းယူပေးနိုင်ခဲ့သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် စပိန်က ဂျော်ဂျီယာကို သုံးဂိုး–တစ်ဂိုး၊ ဘယ်လ်ဂျီယံက အဇာဘိုင်ဂျန်ကို ငါးဂိုး–ဂိုးမရှိ၊ ဆွီဒင်က အက်စတိုးနီးယားကို နှစ်ဂိုး–ဂိုးမရှိ၊ ဟန်ဂေရီက မွန်တီနီဂရိုးကို သုံးဂိုး–တစ်ဂိုး၊ ဆလိုဗက်ကီးယားက ဘော့စနီးယားကို နှစ်ဂိုး–တစ်ဂိုး၊ လူဇင်ဘတ်က လက်ချင်စတိန်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆားဘီးယားနှင့် ဘူလ်ဂေးရီးယားအသင်းပွဲစဉ်တွင် တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့ပြီး စကော့တလန်နှင့် နော်ဝေ အသင်းပွဲစဉ်တွင်လည်း တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။

အောင်ဇော်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၂၁ | ၁၈၄၈၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၂၈၇ | ၈၃၁၃၀၀ |
| MCB | ၇၄၀၀ | ၇၄၀၀ | ၂၀၃ | ၁၅၀၂၂၀၀ |
| FPB | ၁၆၀၀ | ၁၆၀၀ | ၁၁၈ | ၁၈၈၈၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၂၀၀ | ၄၈၀၀၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၄၅၀ | ၉၀၀၀၀၀ |
| AHPC | ၄၇၀၀ | ၄၉၀၀ | ၁၀၅ | ၄၉၄၃၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၉၁ | ၁၅၄၉၀၀ |

ညီညီ – စုစည်းသည်

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အိမ်အမှတ်(၃၉)နေ မောင်သုတဇော်(ဘ)ဦးမိုးကျော်အောင် ၁၂/ဒဂမ (နိုင်) ၀၃၉၃၉၄ ကိုင်ဆောင်သူ၏ အင်ဂျင်ခန်းတာဝန်ကျလက်မှတ် (EER) လက်မှတ်အမှတ် (E00872623) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း - ၀၉ ၆၉၈ ၀၀၅ ၈၇၂**

## ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်၊ အကွက်အမှတ် ၄-A ၊ ဦးပိုင်/မြေကွက်အမှတ်-၁၂၀၊ မြေဧရိယာ (၀.၀၇၁) ဧကရှိ ဘိုးဘပိုင်မြေအား ဦးသက်နိုင်ဦး (၇/ပခန(နိုင်)၁၈၁၄၃၄)အမည်သို့ ပြောင်းလဲလျှောက်ထားခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးသက်နိုင်ဦး**
**၇/ပခန(နိုင်)၁၈၁၄၃၄**
**ဖုန်း-၀၉ ၅၀၆၈၇၄၆**

## အမည်ပြောင်း

ဦးခင်မောင်အေး၏ သမီး တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့၊ အထက(၄) ဂူတာ Grade-3(B)မှ မခင်အေးချမ်းပြည့်စုံမောင်အား မခင်မြတ်မြတ်သူ ဟုပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်နှင့် မဥမ္မာညွန့်၏ မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့နယ်၊ မန်ပျဉ် ကျေးရွာအုပ်စု၊ လုံလ/လွယ်ကော်ခမ်းကျေးရွာနေ ဦးအိုက်ကျင်း၏ သမီး မဥမ္မာညွန့်၏ မွေးသက္ကရာဇ် အမှန်မှာ ၅-၅-၂၀၀၄ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၁-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စစ်တွေမြို့၊ အိတ်ဖွင့်တင်ဒါခေါ်ယူ ခြင်းကြော်ငြာအမှတ်စဉ်(၂)တွင် တင်ဒါစည်းကမ်းချက်နှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို သတင်းစာပါ နေ့ရက်မှစ၍ (၁) လအတွင်း အစား (၁၄)ရက်အတွင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၈၆၊ ဦးပိုင်အမှတ် (၁-က/၁၁)/၃၅လမ်း၊ ၈၆x၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဖခင် ဦးလှအောင် ၉/မနတ(နိုင်) ၀၂၀၆၅၄မှ သား သမီးများ ဖြစ်သော ဦးအောင်ဝင်း၊ ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်မြင့်မြင့်ဝင်း၊ ဦးအောင်စိုးဝင်း ၊ ဦးငွေဌေး၊ ဒေါ်လှလှဝင်းတို့အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၈၁

| | |
|---|---|
| ဒေါ်ဆွေဇင်မိုး နှင့် (၎င်း၏အထွေထွေ ကိုယ်စားလှယ် လွှဲစာရသူ ဒေါ်ဥမ္မာသင်း) | ၁။ ဒေါ်မေသက်ထား<br>၂။ ဒေါ်သန္တာအောင်<br>၃။ ဦးမင်းကိုကို၊ ၄။ ဒေါ်သူဇာ<br>၅။ ဒေါ်စန်းစန်းနု၊ ၆။ ဒေါ်စန်းစန်းဝင်း<br>၇။ ဦးသိုက်ထွန်းအောင်<br>၈။ ဒေါ်ချယ်ရီထူး၊ ၉။ ဒေါ်ယဉ်ယဉ်မြင့် |
| **(တရားလိုများ)** | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ၁၄/၂ စီမံကိန်း၊ မြဝတီလမ်း၊ အမှတ် ၂၀၈နေ (ယခုနေရပ်လိပ်စာမသိ)သူ တရားပြိုင်များဖြစ်သော ၁။ ဒေါ်မေသက်ထား၊ ၂။ ဒေါ်သန္တာအောင်၊ ၃။ ဦးမင်းကိုကို၊ ၄။ ဒေါ်သူဇာ၊ ၅။ ဒေါ်စန်းစန်းနု၊ ၆။ ဒေါ်စန်းစန်းဝင်း၊ ၇။ ဦးသိုက်ထွန်းအောင်၊ ၈။ ဒေါ်ချယ်ရီထူး၊ ၉။ ဒေါ်ယဉ်ယဉ်မြင့်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုကမြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့် ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ရက် (၁၃၈၅ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင်ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူမြို့၊ အထက(၅) ဒုတိယ အလယ်တန်းပြ ဒေါ်ချိုချိုလွင် ၇/တငန(နိုင်) ၁၆၃၇၇၁၂ ၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းရွှေ(ခ)ဦးညိမ်းရွှေ ဖြစ်ပါကြောင်း။

**ဦးငြိမ်းရွှေ(ခ)ဦးညိမ်းရွှေ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားရီ ၇/တငန(နိုင်) ၏ ဖခင်အမည်မှန်မှာ ဦးအီဗရာဟင် (ခ) ဦးအောင် သိန်းမှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအီဗရာဟင်(ခ)ဦးအောင်သိန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က/အပိုင်း-၂)၊ ဦးပိုင်အမှတ်(၂၄)/ ၃၆x၃၇ကြား၊ ၇၁X၇၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးညွန့်ဦး(ငြိမ်း) ၅/ကလထ(နိုင်) ၀၀၁၉၃၂၊ ဒေါ်မြင့်မြင့်တင် ၅/ ကလထ(နိုင်)၀၀၅၈၈၆ တို့၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် ၃၇၁၀/၂၀၁၄ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စန်းစန်းဦး ၁၃/တကန(ဧည့်)၀၀၂၀၆၂ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မုံရွာမြို့၊ အလုံ(လှည်းတန်း)ရပ်ကွက်နေ ဒေါ်အေးစန္ဒာဝိုင်း(ဘ)ဦးရွှေဝိုင်း ၅/မရန(နိုင်) ၁၃၆၄၂၄ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊မုံရွာမြို့၊ သလ္လာ(၁၁)ရပ်ကွက်၊ မေခာဝီလမ်း၊ ကွင်း/ အကွက်အမှတ် (၅၅၊ အေးမြကြည်သာ)၊ ဦးပိုင်အမှတ်(၁၉၉)၊ ဧရိယာ ၀.၀၆၂ ဧက အကျယ်အဝန်း အလျား (၇၀)ပေX အနံ(၄၀)ပေရှိ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်သူဖြစ်သည့် ဦးဝင်းဌေး၊ ဒေါ်ရီရီအောင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးစန္ဒာဝိုင်းက အပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ဝင်းမြေနှင့်ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော သက်သေအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ယနေ့ထုတ်ပြန်ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင်ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်အေးဝင်းမြတ် (LL.B,D.B.L,D.I.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၈၃၀)**
**ဖုန်း-၀၉- ၂၁၃၃၃၃၉**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ လူနေရပ်ကွက်အမှတ်(သကမ/၁၇)၊ သိပ္ပံလမ်း၊ (၂၀)ရပ်ကွက်၊ အမှတ် (၁၅၈၅/က)ဟုခေါ်တွင်ပြီး အိုးအိမ်ဦးစီးဌာနတွင် ဒေါ်အေးသန်းအမည်ဖြင့် မှတ်သားတည်ရှိသော(ပါမစ်)၊ မြေအကျယ်အဝန်းပေ(၂၀x၆၀)ရှိသည့်အနက်မှ ခြေရင်းဘက်အခြမ်းရှိ(၁၀x၆၀)ပေရှိ မြေနှင့်ယင်းမြေပေါ်ဆောက်လုပ်ထားသော အဆောက်အအုံအပါ ရေ+မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးသန်း(၁၂/သလန(နိုင်)၀၂၃၄၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သူ (၇/အဖန(နိုင်)၀၈၄၈၆၁)က ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်း၊ စာရွက်စာတမ်းစုံလင်စွာဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်ထိဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြတ်စုထွေး(LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၄၀၃၀)**
**အမှတ် - ၈၄ (က)၊ ကာယသုခ (၃) လမ်း၊ ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၈၇၂၈၀**

## ကန်ထရိုက်တာ ဦးကျော်လွင်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၃၂၀)၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ (၄၀x၆၀)ပေပေါ်ရှိ ဆောက်လုပ်ထားသော(၈ ½) ကန်ထရိုက်တိုက်၏ ခေါင်းရင်းဘက်ခြမ်း ထပ်ခိုးပါ (၉) ခန်းအား ဝယ်ယူထားသော ဒေါ်ခင်မျိုးနွယ် (ဘ)ဦးမြ၊ ဒေါ်ခင်မာချစ်(ဘ)ဦးပါ၊ ဒေါ်အေးအေးခိုင်(ဘ)ဦးတင်ဝင်း၊ ဦးတင်မောင်ထွဋ်(ဘ)ဦးတင်ဝင်း၊ ဦးမျိုးမြင့်ဆွေသိန်း(ဘ)ဦးမြင့်ဆွေ၊ ဒေါ်ရီရီမာ (ဘ)ဦးထွန်းရွှေ၊ ဒေါ်မြတ်မြတ်အေး(ဘ)ဦးတိတ်စိန်၊ ဦးကျော်မင်း(ဘ)ဦးကောင်စီဟိုင်(ခ)ဦးဟန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ မြေရှင် ဦးစိုးမြင့် ၁၂/လမန(နိုင်) ၀၄၈၈၈၂ ကိုင်ဆောင်သူ အမှတ်(၃၂၀)၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်နှင့် ကန်ထရိုက်တာ ဦးကျော်လွင် (ဘ)ဦးမင်းလွင် ၁၂/မဂတ(နိုင်) ၀၀၈၁၃၀၊ အမှတ်(၆၈)၊ သုခလမ်း၊ ကျောက်မြောင်းနေထိုင်သူသို့ (၂၉-၆-၂၀၁၄)ရက်တွင် ချုပ်ဆိုသော နှစ်ဦးသဘောတူ အလုပ်အပ်နှံစာချုပ် အပိုဒ် (၄)အရ ကန်ထရိုက်တာ ဦးကျော်လွင် ရပိုင်ခွင့်ရှိသော ခေါင်းရင်းခန်း အခန်း(၉)ခန်းရရှိပါသည်။ ကန်ထရိုက်တာ ဦးကျော်လွင်မှ ၎င်းရပိုင်ခွင့်ရှိသော အခန်းများအား မြေညီထပ်အား ဦးသန်းထွန်းမြင့် ၁၂/ မဂတ(နိုင်) ၀၃၆၆၅၀သို့ (၁၈-၆-၂၀၁၅)ရက်တွင် ရောင်းချခဲ့ပြီး ဦးသန်းထွန်းမြင့် ထံမှ ဒေါ်ခင်မျိုးနွယ် ၁၂/မဂတ(နိုင်) ၀၄၁၈၈၅မှ (၁၁-၁၁-၂၀၁၇)ရက်တွင် ထပ်မံဝယ်ယူခဲ့ပါသည်။ ခေါင်းရင်းခြမ်း ပထမ+ဒုတိယထပ်(၂)ခန်းအား ဒေါ်ခင်မာချစ် ၁၂/ ဒဂန(နိုင်) ၀၁၅၈၉၆မှ (၅-၂-၂၀၁၅)ရက်တွင် ဦးကျော်လွင်မှ ရောင်းချ၍ ဝယ်ယူခဲ့ပါသည်။ တတိယထပ် ခေါင်းရင်းခန်းအား (၁၂-၈-၂၀၁၄)ရက်တွင် ဒေါ်မြတ်မြတ်အေး ၁၂/မဂတ(နိုင်) ၀၀၁၉၆၅သို့ ၎င်းခေါင်းရင်းခန်း စတုတ္ထထပ်အခန်းအား ဒေါ်အေးအေးခိုင် ၁၂/လမန (နိုင်) ၀၀၆၇၁၆သို့ လည်းကောင်း(၂၄-၄-၂၀၁၅)ရက် တွင် ရောင်းချခဲ့ပြီး ပဉ္စမထပ် ခေါင်းရင်းခန်းအား ဦးကျော်လွင်မှ (၉-၄-၂၀၁၅)ရက် တွင် ဒေါ်ကြူကြူမာ ၁၂/ဒဂမ(နိုင်) ၀၀၀၇၅၁အား ရောင်းချပြီး၊ ဒေါ်ရီရီမာ ၁၂/သဃက(နိုင်) ၀၁၃၉၄၀မှ (၂၈-၅-၂၀၁၉)ရက် ဒေါ်ကြူကြူမာထံမှ ထပ်မံဝယ်ယူခဲ့ပါသည်။ (၁၇-၉-၂၀၂၂)ရက်တွင် မြေရှင် ဦးစိုးမြင့် ၁၂/လမန(နိုင်) ၀၄၈၈၁၂နှင့် ဒေါ်ရီရီမာတို့ ထပ်မံအရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ခေါင်းရင်းခန်း ဆဋ္ဌမထပ်အခန်းအား (၂၉-၇-၂၀၁၅)ရက်မှ စတင်၍ ဦးအေးကို +ဒေါ်ဝင်းဝင်းမြင့်တို့မှ ဦးကျော်လွင်ထံမှ ဝယ်ယူခဲ့ပြီး ထပ်မံ၍ ခေါင်းရင်းခန်း ဆဋ္ဌမထပ်အခန်းအား ဦးအေးကို+ဒေါ်ဝင်းဝင်းမြင့်တို့ထံမှ (၁၂-၆-၂၀၂၀)ရက်တွင် ဦးတင်မောင်ထွဋ် ၇/ပတတ(နိုင်) ၀၄၄၀၈၄မှ ၎င်းအခန်းအား အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ကြပါသည်။ ခေါင်းရင်းဘက် သတ္တမထပ်အခန်းအား (၁၆-၁၁-၂၀၁၇)ရက်တွင် ဦးကျော်လွင်ထံမှ ဒေါ်လွင်လွင်မော် ၈/မသန(နိုင်) ၀၁၁၃၉၃မှ ဝယ်ယူခဲ့ပြီး (၂၆-၁၁-၂၀၂၀)ရက်တွင် ဒေါ်လွင်လွင်မော် ထံမှ ဦးကျော်မင်း ၁၂/လသန(နိုင်) ၀၁၀၄၄၇မှ ဝယ်ယူခဲ့ပါသည်။ အပေါ်ဆုံးလွှာ (Penth House)(၃၈' x ၅၄') အား ဦးကျော်လွင်မှ (၁၁-၂-၂၀၁၆)ရက်တွင် ဦးမျိုးမြင့်ဆွေသိန်း ၁၂/မရက(နိုင်) ၁၄၀၆၁၉အား အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ကန်ထရိုက်တာ ဦးကျော်လွင်မှ ၎င်းရရှိမည့် အခန်း(၉)ခန်းအား ကာလပေါက်ဈေးဖြင့် တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ဒဂုံမြို့သစ်ခရိုင် တရားရုံး၏ ၂၅/၂၀၂၃ ဇာရီမှုတွင် ဦးကျော်လွင်မှာ တရားရုံးတွင် တရားရှုံးတစ်ဦးအဖြစ် ရင်ဆိုင်နေရပြီး (၅-၁၀-၂၀၂၃)ရက်တွင် ရုံးတော်သို့ အထက်ပါ အခန်း(၉)ခန်းမှာ ၎င်းပိုင်အခန်းများဖြစ်ကြောင်းနှင့် ကြမ်းခင်းဈေးများတင်ပြပြီး အမှတ်(၃၂၀)၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ မြောက်ဒဂုံ( ၄၀ x ၆၀)ပေပေါ်ရှိ (၈ ½) တိုက်၏ ခေါင်းရင်းခြမ်း မြေညီမှ စပြီး (Penth House) အပါအဝင် (၉) ခန်းအား လေလံတင်ရောင်းချပေးရန် လျှောက်ထားသည်ကို တရားဝင်တာဝန်ခံမိတ္တူကူး၍ သိရှိပါသည်။ ကန်ထရိုက်တာဦးကျော်လွင်သည် ၎င်းကိုယ်တိုင် ရောင်းချထားပြီး၊ ၎င်းပိုင်ဆိုင်ခွင့်မရှိတော့သော အခန်းများအား တရားရုံးတော်သို့ မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်၍ တင်ပြခြင်းသာဖြစ်ပါသည်။ ၎င်း၏ တင်ပြချက်အရ (၁၅-၁၁-၂၀၂၃)ရက်တွင် အထက်ပါ တိုက်ခန်းများအား ဒဂုံမြို့သစ်ခရိုင်တရားရုံးမှ လေလံတင်ရောင်းချမှုပြုခဲ့ပါသည်။ လေလံတင်ရောင်းချသူ တာဝန်ရှိသူအား လေလံတင် ရောင်းချသောနေရာ (၁၅-၁၁-၂၀၂၃) ရက်မှာပင် လေလံတင်ရောင်းချသော အခန်းများမှာ ဦးကျော်လွင်ထံမှ ဝယ်ယူထားသော ပိုင်ရှင်များရှိကြောင်း၊ မြေညီထပ်ကို ဝယ်ယူထားသော ဒေါ်ခင်မျိုးနွယ်နှင့် ကျွန်မ တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းတို့မှ ရောဝတီဘဏ်မှ တာဝန်ရှိ ဝန်ထမ်း (၃)ဦးရှေ့တွင် အများသိစေရန် တင်ပြခဲ့ပါသည်။ ထိုသို့ လေလံတင်ရောင်းချမှု ပြုခြင်းခံရ၍ ကျွန်ုပ်၏ မိတ်ဆွေ အခန်းဝယ်ယူထားသူများမှာ ဂုဏ်သိက္ခာအရ ထိခိုက်ညိုးနွမ်းစေခြင်း၊ ကိုယ်စိတ် နှစ်ပါးညိုးနွမ်းစေမှုကို ဖြစ်ပေါ်စေပါသည်။ ကန်ထရိုက်တာ ဦးကျော်လွင်ထံမှ ဖော်ပြပါအခန်း ဝယ်ယူထားသော ကျွန်ုပ်မိတ်ဆွေများမှာ ၎င်းတို့ဝယ်ယူထားသော တိုက်ခန်း(၉)ခန်းအား မည်သူတစ်ဦးတစ်ယောက်ကိုမျှ တိုက်ခန်းများကို ပေးကမ်းထားခြင်း၊ အပ်နှံထားခြင်း၊ လွှဲအပ်ထားခြင်း၊ ပေါင်နှံထားခြင်း တစ်စုံတစ်ရာ ပြုလုပ်ထားခြင်းမရှိကြပါ။ ကျွန်ုပ်မိတ်ဆွေများလက်ဝယ်တွင် ယနေ့တိုင်ရှိနေပါသည်။ တရားရှုံး ဦးကျော်လွင်မှာ ၎င်းကိုယ်တိုင် အရောင်းအဝယ်များကို ကာလပေါက်ဈေးဖြင့် တရားဝင်စာချုပ်များ ချုပ်ဆိုရောင်းချထားပြီး တရားရှုံး ဦးကျော်လွင် ပိုင်ဆိုင်မှုမရှိတော့သော တိုက်ခန်း(၉)ခန်းအား ၎င်းပိုင်ဆိုင်သည်ဟု ဒဂုံမြို့သစ်ခရိုင်တရားရုံး တော် ဇာရီမှုအမှတ်(၂၅/၂၀၂၃)တွဲဘက်ခရိုင် တရားသူကြီး(၁) ရုံးတော်တွင် လေလံတင်ရောင်းချရန် လိမ်လည်၍ တင်ပြမှုအပေါ် ကန်ထရိုက်တာ ဦးကျော်လွင်အနေဖြင့် ပြေလည်စွာဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ယခုကဲ့သို့ ကန်ထရိုက်တာ ဦးကျော်လွင်၏ ပြုလုပ်မှုသည် ကျွန်ုပ်မိတ်ဆွေ တိုက်ခန်းဝယ်ယူသူများ၏ ဂုဏ်သရေထိခိုက်အောင်၊ ကိုယ်စိတ်နှစ်ပါး ညိုးနွမ်းအောင် ပြုမူဆောင်ရွက်ခြင်းဖြစ်၍ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်း(LL.B,Dip in English (YU))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၇၉)**
**၆-လွှာ၊ အခန်း(၆၁၈)၊ ပြည်တော်သစ်အိမ်ရာ၊ အောက်ပုဇွန်တောင်၊**
**ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၉-၄၂၂၄၆၅၃၄၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
## ဆေးပညာဘွဲ့လွန်သင်တန်းများအတွက်
## ထပ်မံဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၄ - ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်၊ မကွေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆေးပညာမဟာသိပ္ပံ(M.Med.Sc)သင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)<br>M.Med.Sc (Anatomy) | (၂)နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဇီဝဓာတုဗေဒ)<br>M.Med.Sc (Biochemistry) | (၂)နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ)<br>M.Med.Sc (Microbiology) | (၃)နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ)<br>M.Med.Sc (Medical Jurisprudence) | (၃)နှစ် |

**၂။ လိုအပ်သောအရည်အချင်း**

(က) **ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ**

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် ဆေးပညာဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။
(၃) လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။
(၄) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(၅) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(၆) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂၉-၁၁-၂၀၂၃)ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူ(၁)စောင်ကို ငွေသွင်းချလံ(မူရင်း)နှင့်တကွ ဆေးတက္ကသိုလ်၊ မကွေး၊ ပါမောက္ခချုပ်ထံ လိပ်မူ၍ (မပျက်မကွက်) ပေးပို့လျှောက်ထားရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲ စစ်ဆေးမည့်ရက်မှာ -
ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများ - (၁၅-၁၂-၂၀၂၃)ရက် သောကြာနေ့

၇။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည် အချင်းစစ်စာမေးပွဲ(၂)နာရီမေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၈။ ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀၀/- (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်၊ မကွေး၏ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ်-MD- ၀၁၁၁၁၈ သို့ ပေးသွင်းရမည်။

**(မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊မကွေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်၊ မကွေး၏ ငွေစာရင်းအမှတ်- MD- ၀၁၁၁၁၈ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၉။ သင်တန်းကို တက်ရောက်ရန်ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင်နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ လျှောက်လွှာခေါ်ယူသည့်ကြေညာချက်အပြည့်အစုံနှင့်အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်၊ မကွေး၊ Website - http://www.ummg.gov.mm နှင့် http://www.ummg.edu.mm တို့တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) ဘွဲ့လွန်ဌာနစိတ်၊ ဖုန်းနံပါတ် - ၀၆၃-၂၀၂၃၇၀၁ (လိုင်းခွဲ ၁၁၀)သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်၊ မကွေး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၈/ရွာသစ်)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ ၀.၀၃၁ ဧကရှိမြေအား ဒေါ်ကြည်တင်မှ မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက် လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများတွင် ထောက်ပံ့ရန် အတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများ(မိသားစု တစ်ကိုယ်ရည်သန့်ရှင်း ရေးသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ) ကို ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများ ထုတ်ယူရမည့်အချိန်နှင့် နေ့ရက် - ၁၇-၁၁-၂၀၂၃ရက် နံနက် ၁၀ နာရီမှ ညနေ ၃နာရီအထိ

တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့်အချိန်နှင့် နေ့ရက် - ၂၄-၁၁-၂၀၂၃ရက် နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိ

တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်အချိန်နှင့် နေ့ရက် - ၂၈-၁၁-၂၀၂၃ရက် ညနေ ၄နာရီအထိ

တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာ - မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံး ခွဲ၊ အမှတ် ၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းများ အသေးစိတ်ကို သိရှိရန် ဖုန်း-၀၁-၈၃၉၂၀၂၈၊ ၈၃၉၂၀၂၉၊ ၈၃၉၂၀၃၀(လိုင်းခွဲ-၁၁၉) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ (မြေပေးမိန့်တွင် ငှက်ပျောတောရပ်ကွက်ဟု ဖော်ပြ ပါရှိ)၊ အကွက်အမှတ်(၄၆)၊ အကွက်အမည်(နှုန်းစစ်ကန်ရပ်)၊ မြေကွက်အမှတ်(၈၆၈)၊ ဦးပိုင်အမှတ်(၂၂/၃၁၀)၊မြေဧရိယာ ၀.၁၁၀ဧကရှိ မြေနေရာအား ၅-၆-၁၉၉၁ ရက်တွင် ပင်းတယမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ မြေပေးမိန့် အမှတ်(၉၈)ဖြင့် ဒေါ်စန်းအေး(ဘ)ဦးသောင်း ၁၃/ပတယ(နိုင်)၀၀၃၂၆၆ သို့မြေကွက်ချထားပေးခဲ့ရာ ဒေါ်စန်းအေး(ဘ) ဦးသောင်းမှ ၎င်းမြေဧရိယာ ၀.၁၁၀ ဧကအား ဒေါ်စန်းအေး(ဘ)ဦးအေး ၁၃/ပတယ(နိုင်)၀၂၇၈၂၄ ထံသို့ ၁-၉-၂၀၂၀ ရက်တွင် အရပ်စာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်စန်းအေး(ဘ)ဦးအေးမှ အဆိုပါ မြေဧရိယာ ၀.၁၁၀ ဧကကို လူနေထိုင်ရန် မြေငှားဂရန်သစ်ခွင့်ပြု ချထားပေးနိုင်ပါရန် တင်ပြလျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေ အုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကွင်းအကွက်အမှတ်နှင့်အမည် ၈-က/ဘုရားဖြူရပ်၊ ဦးပိုင်အမှတ်(၆၂-က)၊ မြေကွက်အမှတ်(44)၊ ဧရိယာ(၀.၁၁၁မ၀၇၈)ဧကရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ ဥပစာအကျိုးခံစားခွင့်အရပ်ရပ်ကို တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေဂရန်အမှတ် ၂၁/၂၀၁၆အရ နှစ်(၃၀) ဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နှင်းကြည် ၉/ပမန(နိုင်) ၀၅၅၃၃၇(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ရင်ရင်တိုး(ဘ)ဦးညိုမောင် ၁၃/လရန(နိုင်) ၀၉၈၉၁၁က အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းလင်းနောင့်ခမ်း ၁၃/မဆတ(နိုင်) ၀၄၀၅၇၇က ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းလင်းနောင့်ခမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆလိုင်းထန်းအောင်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၄၀၂)**
**အမှတ်(ရ/၈၂၇)၊ မြို့ပတ်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**

## သမီးနှင့် ညီမအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းရပ်ကွက်နေ ဦးကျော်မင်းလွင်(ခ)ဦးကုလား၏ သမီး၊ ဒေါ်မြတ်ကြူသင်း ၏ ညီမဖြစ်သူ မသန္တာထွေး ၁၄/မမက(နိုင်)၃၅၄၁၀၆ သည် ဖခင်နှင့် မိသားစုဝင်များ၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိသည့်အပြင် ဖခင်နှင့် မိသားစုဝင်များ၏ ဂုဏ်သိက္ခာအား ထိခိုက်စေသည့် ခွင့်လွှတ်၍မရသော လူမှုရေးကိစ္စများအား ပြုလုပ်၍ မိဘနေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးနှင့် ညီမ အဖြစ်မှ တရားဝင်အမွေပြတ် စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော လူမှုရေးကိစ္စ၊ ငွေရေးကြေးရေး ကိစ္စ အဝဝနှင့် မည်သည့်အကြောင်းကိစ္စမဆို ဖခင်နှင့် မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းလွင်(ခ)ဦးကုလား၊ ၁၄/မမက(နိုင်)၀၈၁၂၄၄**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | ၆၃၀၀၀၀ ဂါလန် |
| (ခ) | ဓာတ်ဆီ | ၁၀၀၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၁-၁၁-၂၀၂၃ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး ၆-၁၂-၂၀၂၃ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဖီလာရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ တောင်ဖီလာရပ်၊ ဦးပိုင်အမှတ်(၈၅/၁)၊ ဧရိယာ(၀.၁၁၁မ၈၇၇)ဧက၏မြေနှင့်မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်သန်းသန်းလှိုင်သော်လည်းကောင်း (သို့) ဒေါ်သန်းသန်းလှိုင်၏ အထွေထွေကိုယ်စားလှယ်ရသူသော်လည်းကောင်း ၎င်းတို့အနက်တစ်ဦးဦးမှ ကျွန်တော်မသိဘဲ အခြားသူတစ်ဦးဦး(သို့)အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းအစရှိသည့် အမျိုးမျိုးသောပိုင်ဆိုင်မှု လွှဲပြောင်းခြင်း ပြုလုပ်မည်ဆိုပါက ကျွန်တော် ဦးရဲထွန်း ၅/ကလထ(နိုင်) ၁၁၆၇၇၃မှ ကန့်ကွက်ပါသည်။

**ဦးရဲထွန်း**
**ဘုရားကြီးလမ်း၊ အောင်မြေမာန်ရပ်ကွက်၊ ကလေးမြို့၊**
**ဖုန်း-၀၉-၄၀၀၅၁၂၁၈၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့၊ ခိုပဲဝရပ်ကွက်ရှိ အကွက်အမှတ် (၅/ခိုပဲ၀) ဦးပိုင်အမှတ်၁၀၈၊ ၀.၃၉၂ ဧက အကျယ်အဝန်းအား ပိုင်ဆိုင်သူ ဦးလှမောင် ၅/ဟမလ(နိုင်)၀၁၅၃၀၇ ၏ အမည်ပေါက် ဂရန်မူရင်းမှာ ရေစိုပျက်စီးပျောက်ဆုံးသွားပါသဖြင့် သမီးဖြစ်သူ ဒေါ်ဖြူဖြူ ၅/ ဟမလ(နိုင်) ၀၁၅၃၁၁ အမည်ဖြင့် ဂရန်အမည်ပြောင်း/ ဂရန်သက်တမ်းတိုး မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်း အကျိုးဆောင်ရှေ့နေထံသို့ဖြစ်စေ၊ ဒေါ်ဖြူဖြူထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသူဇာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၆၂)**
**ဟုမ္မလင်းရပ်ကွက်၊ ဟုမ္မလင်းမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ပြည်တော်ရပ်ကွက်နေ ဦးအောင်မြတ်ထွန်း ၁၁/စတန(နိုင်) ၁၃၅၃၈၄နှင့် ဒေါ်စန်းရီ ၁၁/စတန(နိုင်) ၀၅၅၈၁၀ တို့က စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်၊ အကွက်အမှတ် (၄၂)၊ ဘောလုံးပြင်အကွက်၊ ဦးပိုင်အမှတ်(၃၆-၄/၉၆/၂)၊ မြေချိန်ဧရိယာ ၀.၀၃၅ ဧကရှိ မြေနေရာအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ စစ်တွေမြို့**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ဖက်တန်းလမ်းခြား၊ အကွက်အမှတ်နှင့်အမည် ၃၉/ဖက်တန်း၊ ဦးပိုင်အမှတ် ၃၃၊ ဧရိယာ ၀.၀၃၂ ဧကရှိ မြေသည် မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(၁-က)စာရင်းတွင် ဦးငွေစိုး၊ ဒေါ်အေးအေးမြင့်(ခ)ဒေါ်သန်းသန်းအေးတို့ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်အေးအေးမြင့်(ခ)ဒေါ်သန်းသန်းအေးသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပြီး ဦးငွေစိုးနှင့် ဒေါ်အေးအေးမြင့်(ခ)ဒေါ်သန်းသန်းအေးတို့ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်သော အထက်ဖော်ပြပါအိမ်နှင့် မြေကို ဦးအေးစိုးနှင့် ဦးငွေစိုးတို့ ညီအစ်ကို(၂)ဦးမှ အမွေဆက်ခံခွင့်ရှိ၍ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ "ကျမ်းကျိန်လွှာ မှတ်ပုံတင်စာချုပ်အမှတ် ၂၅၅/၂၀၂၂နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် ၂၅၆/၂၀၂၂ အရ အမွေဆက်ခံပိုင်ဆိုင်ထားကြပါသည်။ ဦးအေးစိုးနှင့် ဦးငွေစိုးတို့ပူးတွဲ အမွေဆက်ခံပိုင်ဆိုင်ထားသော အထက်ဖော်ပြပါ အိမ်နှင့်မြေကို ဦးအေးစိုးမှ ဦးငွေစိုးအား အိမ်နှင့်မြေကွက်ပိုင်ဆိုင်မှုအပေါ်တွင် မိမိ၏ပိုင်ဆိုင်မှုကို အပြီးအပိုင်စွန့်လွှတ်ပေးသည့် စာချုပ် မှတ်ပုံတင်စာချုပ်အမှတ် ၂၉၅/၂၀၂၂ အရ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ဦးငွေစိုးသည် အထက်ဖော်ပြပါ ဧရိယာ ၀.၀၃၂ ဧကအနက်မှ A အမှတ်ပြ ၀.၀၁၆ ဧကကို ဒေါ်သိန်းသိန်းအေးအား "အိမ်နှင့်မြေကွက် အပြီးအပိုင် အရောင်းအဝယ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် ၃၈၁/၂၀၂၂ အရ ရောင်းချခဲ့ပါသည်။ ထို့နောက် ဒေါ် သိန်းသိန်းအေး သည် အထက်ဖော်ပြပါ အိမ်နှင့်မြေကို ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားခဲ့ရာ ဦးပိုင်အမှတ်(၃၃က)၊ဧရိယာ ၀.၀၁၆ ဧကဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်သိန်းသိန်းအေးသည် ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါအိမ်နှင့်မြေကို ၎င်း၏အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ ဗိုလ်ထွန်းစံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၁၃၈)၊ တိုက် အမှတ်(၃)၊ (၂)ခန်းတွဲ (၆)ထပ်အဆောက်အအုံ၏ အခန်းအမှတ်(၄လွှာ B)၊ အကျယ်အဝန်းဧရိယာ(၁၂.၅' x ၅၀')၊ (၆၂၅)စတုရန်းပေ အကျယ်ရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်း၌ သွယ်တန်းတပ်ဆင်ထားသော (ရေ၊ မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားရှိပိုင်ဆိုင်၍ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုဝန်ခံသူ ဦးကျော် ဇေယျာဦး ၁၂/သကတ(နိုင်) ၂၀၁၀၄၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးသန့် ၁၂/ပဇတ(နိုင်) ၀၁၂၆၆၅က အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ စရန်ငွေတစ်စိတ်တစ် ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါ က အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးမျိုးသန့် | ဒေါ်ဇာခြည်ဝင်း(LL.B) |
| | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၂) |

**အမှတ်(၆၀၄)၊ မကွေးလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက် ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၆၁၅၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ သီရိမင်္ဂလာရပ် ကွက်(မြေပေးမိန့် တွင် ငှက်ပျောတောရပ်ကွက်ဟုဖော်ပြပါရှိ)၊ အကွက်အမှတ် ၄၆)၊ အကွက်အမည်(နှုန်းစစ်ကန်ရပ်)၊ မြေကွက်အမှတ်(၈၆၉)၊ ဦးပိုင်အမှတ်(၂၂/၃၀၉)၊ မြေဧရိယာ(၀.၁၁၁မ၁၁၀)ဧကရှိ မြေနေရာအား (၅-၆-၁၉၉၁)ရက်တွင် ပင်း တယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေပေးမိန့်အမှတ်(၉၉)ဖြင့် ဦးမျိုးတင့် ၁၃/ပတယ(နိုင်)၀၂၇၀၇၄သို့ မြေကွက်ချထားပေးခဲ့ရာ ဦးမျိုးတင့်သည် ၎င်းမြေဧရိယာ(၀.၁၁၁မ၁၁၀)ဧကအား ဦးရန်ပိုင်စိုး ၁၃/ပတယ(နိုင်)၀၇၂၅၇၂ထံ သို့ (၁၀-၅-၂၀၂၀) ရက်တွင် အရပ်စာချုပ်ချုပ်ဆို၍ ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဦးရန်ပိုင်စိုးမှ အဆိုပါမြေဧရိယာ(၀.၁၁၁မ၁၁၀)ဧကကို လူနေထိုင်ရန် မြေငှားဂရန်သစ် ခွင့်ပြုချထားပေးနိုင်ပါရန် တင်ပြလျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများ ရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး**
**ပင်းတယမြို့**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ် ၃၆(မန္တလေး)၊ ဦးပိုင်အမှတ် ၃၀/ထ၊ မြေချိန် ဧရိယာ ၀.၀၁၂ ဧက၊ (y to y)မြို့မြေ အမျိုးအစား အမည်ပေါက်လျက်ရှိသော ဦးဟာရိန်ဘိုင်(ခ) ဦးဟာရိန်း(ခ)ဦးစိုးအောင်ထံမှ ၈-၁၀-၂၀၂၁ရက်တွင် မော်လမြိုင်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၄၀/၂၀၂၁ဖြင့် ဦးအောင်နိုင်စိုး ၁၀/မလမ(နိုင်)၁၃၄၅၄၄ မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းအိမ်ရာမြေကွက်အား ဦးဟာရိန်ဘိုင်(ခ)ဦးဟာရိန်း(ခ)ဦးစိုးအောင် အမည်မှ ဦးအောင်နိုင်စိုး အမည်သို့ ပြောင်းလဲပေးပါရန် မြို့နယ်မြေစာရင်းရုံးတွင် လျှောက်ထားလာ၍ ယင်းလျှောက်ထားမှုအား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မှုမရှိပါက သက်ဆိုင်ရာရုံးဌာန၏ လုပ်ထုံး၊ လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ မီးလောင်ပြင်လမ်း၊ အမှတ်(၇/A)နေ (ဘ)ဦးမိုဟာမက်အီဘရာဟင်၏သားသမီးများဖြစ်ကြသော ဦးမာမက်ဂနီ ၁၀/မလမ(နိုင်) ၀၆၁၇၉၃၊ ဒေါ်ဂျီမီလာ ၁၀/မလမ(နိုင်) ၁၈၅၉၈၉တို့နှင့်မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်းမကြီး၊ အိမ်အမှတ်(၇/၁)၊ (၇/၂)၊ (၇/၃)နေ (ဘ)ဦးမာမက်ရှ ရစ်(ခ)မိုဟာမက်ရှရစ်(ခ)မိုဟာမက်ဆရစ်(ခ)ဦးမောင်အေး၏သားသမီးများဖြစ် ကြသော ဦးတင်ရွှေ ၁၀/ခဆန(နိုင်)၀၉၂၆၈၈၊ ဦးဂဖွာရ် ၁၀/ခဆန(နိုင်)၀၈၉၅၂၁၊ ဇိုင်ဘွန်ဘီ (ခ) ဒေါ်သန်းကြည် ၁၀/မလမ(နိုင်) ၀၆၁၇၄၄၊ ဟာမီယာဘီ(ခ)ဟာမီရာဘီ(ခ)ဒေါ်ခင်ကြည် ၁၀/မလမ(နိုင်) ၀၆၁၈၁၇၊ ဒေါ်ဘေဘီ ၁၀/မလမ(နိုင်) ၀၆၁၇၅၃၊ ဦးလှမြင့် ၁၀/မလမ(နိုင်) ၀၆၂၈၂၉၊ ဒေါ်အေးအေးမြင့် ၁၀/မလမ(နိုင်) ၀၆၁၇၄၉၊ ဒေါ်ကြည်ကြည်ဝင်း ၁၀/မလမ(နိုင်) ၁၃၄၆၇၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ်-၃၆(မန္တလေး)၊ ဦးပိုင်အမှတ်(၃၀/င)၊ မြေချိန်ဧရိယာ(၀.၁၁၁မ၀၃၃)ဧကရှိ မြေသည် မြို့နယ်မြေစာ ရင်းရုံးတွင် ဦးမိုဟာမက်အီဘရာဟင်နှင့် ဦးမိုဟာမက်ဆရစ် တို့မှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ မှတ်ပုံတင်စာချုပ်အမှတ် ၂၉၉/၅၅ စာချုပ်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် မြို့နယ်မြေစာရင်းရုံးတွင် မိတ္တူမှန်ကူးယူပြီးနောက် ကျွန်ုပ်၏မိတ်ဆွေများမှ အမွေဆက်ခံစာချုပ်ကို သက်ဆိုင်ရာရုံးဌာနတွင် ချုပ်ဆိုပေး ရန် လျှောက်ထားမည်ဖြစ်၍ ယင်းလျှောက်ထားမှုအား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသော်လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေထံသော်လည်းကောင်း၊ ရုံးဌာနအသီးသီးတွင်သော်လည်းကောင်း၊ ကြေညာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သက်ဆိုင်ရာရုံးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ၁။ ဦးမာမက်ဂနီ | ဒေါ်သီတာအေး(LL.B) |
| ၂။ ဒေါ်ဂျီမီလာ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၇၂)(၂၇-၄-၂၀၁၇) |
| ၃။ ဦးတင်ရွှေ | တိုက်ခန်းအမှတ်(B/13)၊ ဦးနာအောက်လမ်း၊ မြိုင်သာယာရပ်၊ မော်လမြိုင်မြို့၊ |
| ၄။ ဦးဂဖွာရ် | ဖုန်း-၀၉-၄၀၈၁၉၆၄၇ |
| ၅။ ဇိုင်တွန်ဘီ(ခ)ဒေါ်သန်းကြည် | ဒေါ်နှင်းဝတ်ရည်(LL.B) |
| ၆။ ဟာမီယာဘီ(ခ)ဟာမီရာဘီ(ခ)ဒေါ်ခင်ကြည် | အထက်တန်းရှေ့နေ |
| ၇။ ဒေါ်ဘေဘီ | (စဉ်-၅၀၇၅၀) |
| ၈။ ဦးလှမြင့် | (၂၆-၃-၂၀၁၉) |
| ၉။ ဒေါ်အေးအေးမြင့် | အမှတ်(၂)၊ အထက် |
| ၁၀။ ဒေါ်ကြည်ကြည်ဝင်း | လမ်းမကြီးရွှေတောင်ရပ်၊ မော်လမြိုင်မြို့ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၇၉၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်နိုင်ထွန်း ၁၀/မလမ(နိုင်)၁၅၃၁၂၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ယ/၉၆၅၂၈ ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာ ၁၀/ဘလန(နိုင်)၁၁၁၆၅၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၄၈၄၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၁၀/သထန(နိုင်)၀၈၂၉၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## ဇေယျာသီရိခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၂၆

ဒေါ်မြခြူးသွယ် နှင့်
၁။ ဦးမြင့်ကြွယ်
၂။ ဒေါ်သီတာဦး
၃။ ဒေါ်စိုးစိုးခင်သန်းထိုက်
၄။ ဒေါ်ခင်ခင်အောင်
၅။ ဦးသန့်ဇင်

တရားနိုင် တရားရှုံးများ

(၁) ဦးမြင့်ကြွယ်၊ အခန်း(၃၄)၊ တိုက် ၁၂၁၊ ခရေအိမ်ရာ၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊(၂) ဒေါ်သီတာဦး၊ (ခုတင်–၅၀)ဆံ့ဆေးရုံ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ (၃) ဒေါ်စိုးစိုးခင်သန်းထိုက်၊ အမှတ် ၇၂၊ စည်သာရပ်ကွက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး၊(၄) ဒေါ်ခင်ခင်အောင်၊ အမှတ်(၁)၊ (၆)လွှာ၊ ဥယျာဉ်လမ်း၊ ကျောက်မြောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၅)ဦးသန့်ဇင်(အမှတ် ၁၂၅၄၅)၊ စံပယ်လမ်း၊ သုခဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ တရားနိုင် ဒေါ်မြခြူးသွယ်က ဤရုံးသို့ မြေကွက်အားမှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၄(၁)အရ စာချုပ်မူကြမ်းတင်ပြ၍ အတည်ပြုချုပ်ဆိုပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည်မီ ၁၁ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးကျော်အောင်)
ခရိုင်တရားသူကြီး
ဇေယျာသီရိခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊မြေကွက်အမှတ်(၁၄၅၅)၊ လှော်ကားလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)၊ဧရိယာ ၀.၀၅၅ဧကရှိ ဒေါ်ခင်သန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးကျော်သူ ၁၄/ကပန(နိုင်)၀၀၀၅၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးမြမွန်(LL.B,LL.M)
အထက်တန်းရှေ့နေ(စဉ်–၃၄၆၇၉)
အမှတ် ၆၊ ၄–လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉– ၇၉၅၆၈၃၃၇၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၁၂၆၂)၊ မင်းဘူးလမ်း၊ အကျယ်အဝန်း (၄၀ x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်နှင်းအေးငြိမ်း ၉/ပမန(နိုင်) ၁၂၇၃၉၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးမြမွန်(LL.B,LL.M) အထက်တန်းရှေ့နေ(စဉ်–၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၇၉၅၆၈၃၃၇၈

## ကန့်ကွက်နိုင်ပါကြောင်း

ဟသ်ာတမြို့၊ ကင်းရပ်ကွက်၊ အကွက်အမှတ်(၅၆)၊ ကင်းရွာရပ်၊ ဦးပိုင်အမှတ် (၄၉ᵃ၊ ၆၂)၊ ဧရိယာ ၀.၁၂၂ ဧက အနက်မှ ၀.၀၃၂ ဧကရှိ မြေကို ဦးစန်းလွင်အမည်မှ ဒေါ်ချမ်းမြေ့ညီမ်း အမည်သို့ လူနေအိမ်အသုံးပြုရန်အတွက် ဦးပိုင်ခွဲစိတ်၊ အမည်ပြောင်းဂရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟသ်ာတမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ ဟသ်ာတမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/1373, Suzuki Solio MA345 Station Wagon(4x2) Rယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဇင်မွန် ၁၄/မအန(နိုင်) ၀၀၁၆၁၉က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/9886 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တာချီလိတ်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မိုးကောင်းမြို့၊ အိုးတန်းရပ်ကွက်၊ ကွင်းအမှတ် နှင့်အမည် (၂/နန့်ရင်းရပ်)၊ ဦးပိုင်အမှတ်(၁၅၇–က)၊ မြေဧရိယာ(၁ဒသမ၀၇၃)ကေရှိသော မြေအား ဦးကြောင်ကြားဟော့ပါ(၂)ဦးအမည်ဖြင့် (၁၅)နှစ်မြေငှားဂရန်ရရှိထားရာငင်း မြေငှားဂရန်သည် ပျောက်ဆုံးသွားပါကြောင်း၊ ဦးကြောင်ကြားဟော့နှင့် ဦးကျောင်ကြားဟော့သည် လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖော်ပြပါ မြေဧရိယာ(၁ဒသမ၀၇၃)ကေအနက်မှ မြေဧရိယာ(၀ဒသမ၂၁၄)ကေအား မိုးကောင်းမြို့၊ အိုးတန်းရပ်ကွက်နေ ဦးချွတ်တူး ၁/မကတ(နိုင်)၀၂၄၄၁၂–ဒေါ်ခင်သီ ၁/မကတ(နိုင်)၀၂၄၄၇၃တို့သည် (၁၄–၇–၂၀၀၈)ရက်တွင် ဝယ်ယူခဲ့ပြီးဖြစ်၍ ၎င်းတို့၏အမည်ဖြင့် မြေငှားလိုင်စင်ပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ မြေငှားလိုင်စင်ပြုလုပ်ခြင်းကိုဖြစ်စေ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မိုးကောင်းမြို့

## ဦးမောင်တွဲနှင့်တကွ အများသိစေရန် ကြေညာချက်

ဦးသိန်းစိုး (ဘ)ဦးငြိမ်းအောင် ၅/မရန(နိုင်)၂၀၄၃၆၈၊ မမိုးစုသင်း (ဘ)ဦးစိန်သောင်း ၅/မရန(နိုင်)၂၄၂၅၄၄၊ ဦးကျော်ကျော် (ဘ)ဦးပို ၅/မရန(နိုင်)၂၁၃၁၅၇၊ ဒေါ်အေးအေးမြင့်(ဘ)ဦးကြင် ၅/မရန(နိုင်)၂၄၆၅၈၄၊ ဦးအောင်သိန်း မြင့်(ဘ)ဦးပျိုသန်း ၅/မရန(နိုင်)၁၅၅၆၁၆၊ မချိုသဲ(ဘ)ဦးခင်အေး ၅/မရန(နိုင်)၁၄၉၇၆၈၊ နယ်မြေ(၈)၊ မုံရွာတောင်ရပ်ကွက်၊ မုံရွာမြို့နှင့်ဦးလှမြင့်(ဘ)ဦးအောင်ထွန်း ၅/မရန(နိုင်)၀၃၁၄၇၆ ကျောက္ကာလမ်း၊ အလယ်ရပ်၊ မုံရွာမြို့နေသူ တို့၏လွှဲအပ်ညွှန်ကြားချက်များအရ ဦးမောင်တွဲနှင့်တကွ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်(၆၈၃–ကူးတို့ကုန်း)၊ ဦးပိုင်အမှတ်(၁၉/စ)၊ ဧရိယာ(၀ဒသမ၃၉၇)ကေရှိ ဝင်းမြေသည် ဦးမောင်တွဲအမည်ပေါက်ပိုင်ဆိုင်ခြင်း မရှိပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ မြေဂရန်ပြင်ဆင်မှုအမိန့်အမှတ် ၅/၂၀၂၁၊ (၁၇–၉–၂၀၂၁)ရက်စွဲပါ အမိန့်အရ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် (၁၁၄/V/၁၉၉၈–၁၉၉၉)အရ မုံရွာတောင်ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်(၆၈၃–ကူးတို့ကုန်း)၊ ဦးပိုင်အမှတ်(၁၉/စ)၊ ဧရိယာ(၀ဒသမ၃၉၇)ကေရှိ ဦးမောင်တွဲ အမည်ဖြင့်ထုတ်ပေးထားသော နှစ်(၃၀)မြေငှားဂရန်အား ပယ်ဖျက်ရန် အမိန့်ချမှတ်ခဲ့ပါသည်။ ထို့ကြောင့် မုံရွာခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေငှားဂရန်ပယ်ဖျက်မိန့် ၁/၂၀၂၃ ကိုထုတ်ပြန်ခဲ့ပါသည်။

ထိုသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ အချင်းဖြစ်ဂရန်ပယ်ဖျက်မိန့်ကို မျက်ကွယ်ပြုကာ ယင်းဂရန်ကိုအကြောင်းပြု၍ မုံရွာခရိုင်တရားရုံး၏ တရားမကြီးအမှုအမှတ် ၃၆/၂၀၂၁ တွင် ဦးမောင်တွဲက ဦးသက်နိုင်ထွန်း တို့ ပါ(၃)ဦးတို့အပေါ် တရားပြိုင် (၁)နှင့် (၂)မှ ဂရန်မြေကွက်အတွင်း ကျူးကျော်ကာရံထားသည့် အုတ်တံတိုင်းဝင်းခြံအား ဖျက်သိမ်းပြီး အချင်းဖြစ်မြေကို လက်ရောက်ပေးအပ်စေလိုမှုနှင့် မုံရွာခရိုင်တရားရုံး၏ တရားမကြီးအမှုအမှတ် ၄၁/၂၀၂၃ တွင် ဦးမောင်တွဲမှ ဦးလှမြင့် ပါ(၇)ဦးတို့အပေါ် ဂရန်မြေကွက်အတွင်း လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြီး ကျူးကျော်နေထိုင်သူများ၏ နေအိမ်(၃)လုံးအား ဖယ်ရှားကာ လက်ရောက်ပေးအပ်စေလိုမှုတို့ဖြင့် တရားစွဲဆိုခဲ့ခြင်းတို့သည် ဦးမောင်တွဲမှ ၎င်းပိုင်ဆိုင်ခြင်းမရှိသည့် မြေအပေါ် ပိုင်ဆိုင်သယောင်ဖော်ပြကာ တရားစွဲဆိုခြင်းဖြစ်၍ တရားစီရင်ရေးအား မထီမဲ့မြင်ပြုရာရောက်ကြောင်း ဦးမောင်တွဲနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

ထို့အပြင် မုံရွာခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၆၂/၂၀၁၃ တွင် ဦးမောင်တွဲမှ ဦးသိန်းစိုး ပါ(၆)ဦးတို့အပေါ် ကျူးကျော်ကာရံ ဆောက်လုပ်ထားသည့် ဝင်းခြံအဆောက်အအုံတို့အား ဖယ်ရှားထွက်ခွာစေရန်နှင့် အိမ်ဝင်းမြေလက်ရောက်ပေးအပ် စေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အမြင့်ဆုံးတရားရုံးဖြစ်သော စုံညီခုံရုံးမှ ဦးမောင်တွဲသည် ဦးပိုင်အမှတ် ၁၉/စ၏ ဂရန်အမည်ပေါက် ဖြစ်နေသော်လည်း အဆိုပါမြေကို ပိုင်ဆိုင်ကြောင်း တင်ရှားခြင်းမရှိဟု သုံးသပ်ကာ အဆိုလွှာအား အပြီးတိုင် ပလပ်ခဲ့ပြီးဖြစ်ပါသည်။ သို့သော် ဦးမောင်တွဲသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မြေဂရန်ပြင်ဆင်မှုအမိန့်အမှတ် ၅/၂၀၂၁ နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်(နေပြည်တော်) တရားမအထူးအယူခံမှုအမှတ် ၂၉/၂၀၁၉တို့၌ ချမှတ်ထားသည့် အမိန့်များကို မျက်ကွယ်ပြုကာ ပိုင်ဆိုင်ခြင်းမရှိသော /လက်ရှိထားခြင်းမရှိသော/ပယ်ဖျက်ပြီးသော ဂရန်မြေကို အကြောင်းပြု၍ နောက်ထပ်အကြိမ်ကြိမ် တရားစွဲဆိုခြင်းတို့သည် တရားစီရင်ရေး အပေါ်တွင်လည်းကောင်း၊ အများသူငှာအပေါ်တွင်လည်းကောင်း၊ တရားစွဲဆိုခံရသူ တရားပြိုင်များအပေါ်တွင်လည်းကောင်း၊ အနှောက်အယှက်ဖြစ်စေကာ အများသူငှာအား ထင်ယောင်ထင်မှားဖြစ်စေရန် တရားစွဲဆိုထားခြင်းဖြစ်သောကြောင့် ရာဇဝတ်ကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ ပြုမှုဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်နေပြီဖြစ်၍ အထက်ဖော်ပြပါ အမှုများအား ပြန်လည်ရုပ်သိမ်းရန်နှင့်ပျက်ကွက်ပါက ဦးမောင်တွဲအပေါ် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း ဦးမောင်တွဲနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ–
ဒေါ်ဌေးဌေးစိန် (တရားလွှတ်တော်ရှေ့နေ)
(စဉ်–၁၆၀၂၃/၁၉) အလယ်ရပ်ကွက်၊ မုံရွာမြို့

## လွမ်းဆွတ်သတိရအမှျပေးဝေခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးချင်းစိန် (ကြံခင်း)B.Sc.BEd
## တိုင်းပညာရေးမှူး(ငြိမ်း)
## အသက်(၈၉)နှစ်

၁။ အထက ကြံခင်း–အထပြ၊ ၂။ ဆရာအတတ်သင်သိပ္ပံ၊ ကန်ဘဲ့၊ ရန်ကင်း၊ ရန်ကုန်၊ လ/ထ ကထိက၊
၃။ အထက ထူးကြီး၊ ကျောင်းအုပ်ဆရာကြီး၊ ၄။ အထက(၁)ဟသ်ာတ ကျောင်းအုပ်ဆရာကြီး၊
၅။ ရေဝတီတိုင်း၊ ပုသိမ်မြို့၊ လ.ထ တိုင်းပညာရေးမှူး၊
၆။ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်မြို့၊ လ/ထ ညွှန်ကြားရေးမှူး၊
၇။ တိုင်းပညာရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
၈။ ပြည်နယ်ပညာရေးမှူး၊ ကရင်ပြည်နယ်၊ ဘားအံမြို့။

၂၁–၁၁–၂၀၂၂ ရက်(တနင်္လာနေ့) မွန်းလွဲ ၂:၁၀နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားခဲ့ပါသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖခင်ကြီးအား ရည်စူး၍ ဇနီး ဒေါ်သန်းသန်းစိုးနှင့် သားသမီးမြေးများက ဒါန၊ သီလ အစရှိသော ကုသိုလ်ကောင်းမှု အစုစုတို့ကို ပေါင်းစုပြုလုပ်ကြ၍ လွမ်းဆွတ်တမ်းတ သတိရလျက် အမှျပေးဝေပါ၏ ကောင်းမြတ်သော ဘုံဘဝသို့ရောက်ရှိပြီး ဒုက္ခခပ်သိမ်းချုပ်မြတ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ ဧကန်မျက်မှောက်ပြုနိုင်ပါစေ။

၁။ ဇနီး ဒေါ်သန်းသန်းစိုးနှင့် သမီး ဒေါက်တာဥမ္မာစိန် –ဦးကျော်ဇေယျ
မြေး–ဖွဲ့ဘုန်းသန့်၊ ခင်ဘုန်းသန့်၊ ဆုဘုန်းသန့်
၂။ သမီးဒေါ်ယဉ်ယဉ်စု–ဦးနေမျိုး၊ မြေး ဝေယံပိုင်သိမ်း
၃။ သမီး ဒေါ်ကေသွယ်စိန်
၄။ သမီး ဒေါက်တာ နန္ဒာစိန်–ဒေါက်တာ အောင်ကျော်မြင့်
မြေး– လင်းထွတ်ကျော်၊ ကောင်းထွတ်ကျော်၊ အိန္ဒြာထွတ်ကျော်
၅။ သမီး ဒေါ်သီတာစိန်
၆။ သမီးဒေါက်တာ ယဉ်ယဉ်မင်းစိန်–ဦးကျော်မင်းလွင်
မြေး– မဆုတြာ
၇။ သား ဦးလှမိုးဟန်–ဒေါ်အိအိဖြိုး
မြေး– အိမ့်အင်ကြင်းဖြိုး

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၅လမ်း၊ အိမ်အမှတ်(၇၃၂)နေ ဦးမျိုးကြည် ၁၂/ဥကတ(နိုင်)၀၈၁၀၈၇၊ ဒေါ်ရင်ရင်အေး ၁၂/ ကတတ(ဧည့်)၀၀၀၄၁၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်အမှုသည်များ၏သားဖြစ်သူ ကောင်းထက်မျိုးကြည် ၁၂/ဥကတ(နိုင်)၂၀၉၆၄၁သည် မိဘ၊ ညီအစ်ကိုမောင်နှမများ၏ ပြုပြင်ဆုံးမမှုများအား နာခံခြင်းမရှိဘဲ မိဘ၊ ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲ၊ ဂုဏ်သိက္ခာ ထိခိုက်နစ်နာအောင် ပြုလုပ်သဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ကောင်ထက်မျိုးကြည်နှင့် ပတ်သက်သည့် ကိစ္စအရပ်ရပ်အားလုံးအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းကိုလည်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဝင်းကျော်သူ(LL.B)
အထက်တန်းရှေ့နေ(စဉ်–၄၇၄၀၄)
အမှတ်(၈၈)၊ ဇေယျာလမ်း၊ ၁၀–ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊
ဖုန်း–၀၉–၈၈၇၇၇၈၆၃၅

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်းမကြီး၊ အိမ်အမှတ် (၇/၁)၊(၇/၂)၊ (၇/၃)နေ (ဘ)ဦးမာမက်ရှရစ်(ခ)မိုဟာမက်ရှရစ်(ခ)မိုဟာမက်ဆရစ်(ခ)ဦးမောင်အေး၏ သားသမီးများဖြစ်ကြသော ဦးတင်ရွှေ ၁၀/ ခဆန(နိုင်)၀၉၂၆၈၈၊ ဦးဂဖွာရ် ၁၀/ခဆန(နိုင်)၀၈၉၅၂၁၊ ဇိုင်တွန်ဘီ(ခ) ဒေါ်သန်းကြည် ၁၀/မလမ(နိုင်)၀၆၁၇၄၄၊ ဟာမီယာဘီ(ခ) ဟာမီရာဘီ (ခ)ဒေါ်ခင်ကြည် ၁၀/မလမ(နိုင်) ၀၆၁၈၁၇၊ ဒေါ်ဘေဘီ ၁၀/မလမ(နိုင်)၀၆၁၇၅၃၊ ဦးလှမြင့် ၁၀/မလမ(နိုင်)၀၆၂၈၂၉၊ ဒေါ်အေးအေးမြင့် ၁၀/ မလမ(နိုင်)၀၆၁၇၄၉ ၊ ဒေါ်ကြည်ကြည်ဝင်း ၁၀/မလမ(နိုင်)၁၃၄၆၇၃ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အကွက်အမှတ် ၃၆ (မန္တလေး)၊ ဦးပိုင်အမှတ် ၃၀/စ၊ မြေချိန် ဧရိယာ ၀.၀၂၉ ဧကရှိ မြေသည် မြို့နယ်မြေစာရင်းရုံးတွင် ဦးမာမက်ရှရှစ် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ မှတ်ပုံတင်စာချုပ်အမှတ် ၃၆၃/၅၇ စာချုပ်မူရင်းများပျောက်ဆုံးသွားပါသဖြင့် မြို့နယ်မြေစာရင်းရုံးတွင် မိတ္တူမှန်ကူးယူပြီးနောက် ကျွန်ုပ်၏မိတ်ဆွေများမှ အမွေဆက်ခံစာချုပ်ကို သက်ဆိုင်ရာ ရုံးဌာနတွင် ချုပ်ဆိုပေးရန် လျှောက်ထားမည်ဖြစ်၍ ယင်းလျှောက်ထားမှုအား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသော်လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေများထံသော်လည်းကောင်း၊ ရုံးဌာနအသီးသီးတွင်သော်လည်းကောင်း၊ ကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက သက်ဆိုင်ရာ ရုံးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ချက်ညွှန်ကြားချက်အရ– |
| ၁။ ဦးတင်ရွှေ | ဒေါ်သီတာအေး (LL.B) |
| ၂။ ဦးဂဖွာရ် | တရားလွှတ်တော်ရှေ့နေ |
| ၃။ ဇိုင်တွန်ဘီ(ခ)ဒေါ်သန်းကြည် | စဉ်– ၁၂၄၇၂(၂၇–၄–၂၀၁၇) |
| ၄။ ဟာမီယာဘီ(ခ) | တိုက်ခန်းအမှတ်(B/13)၊ |
| ဟာမီရာဘီ(ခ)ဒေါ်ခင်ကြည် | ဦးနာအောက်လမ်း၊ |
| ၅။ ဒေါ်ဘေဘီ | မြိုင်သာယာရပ်၊ မော်လမြိုင်မြို့ |
| ၆။ ဦးလှမြင့် | ဖုန်း–၀၉–၄၀၈၁၉၆၄၄၇ |
| ၇။ ဒေါ်အေးအေးမြင့် | ဒေါ်နှင်းဝတ်ရည်ဦး(LL.B) |
| ၈။ ဒေါ်ကြည်ကြည်ဝင်း | အထက်တန်းရှေ့နေ |
| | စဉ်–၅၀၇၅၀၊ (၂၆–၃–၂၀၁၉) |
| | အမှတ်(၂)၊ အထက်လမ်းမကြီး |
| | ရွှေတောင်ရပ်၊ မော်လမြိုင်မြို့ |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 64W/03355,Honda Wave–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၄/ပသန(နိုင်) ၂၀၄၁၀၈ က ဖောင်းကြွနံပါတ်ပြား ပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/61475, Honda Wave 110 M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မိုးဝင်း ၁၄/ပသန(နိုင်) ၂၀၇၀၈၁က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/08036, Honda Wave 110 M/Cယာဉ်လက်ဝယ်ရှိသူ ဦးဝင်းခိုင် ၁၄/ဝခမ(နိုင်) ၀၁၅၅၉၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဗိုလ်သောင်း
### အသက်(၉၂)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့်ဇနီး ဒေါ်ခင်မြင့်ကြည်တို့၏ ဖခင် ဦးဗိုလ်သောင်း အသက်(၉၂)နှစ် သည် ၁၇-၁၁-၂၀၂၃ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဒေါ်ခင်ခင်အေး(စား/ထွေ-ငြိမ်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝရတ်ရိပ်သာ၊တိုက်(၉၅၊ အခန်း-၄)နေ (ဦးခွန်သိန်းဖေ)(ဟိုတယ်/ခရီး-ငြိမ်း)၏ဇနီး၊ ဦးစိုးမိုး-ဒေါ်ရှင်နှင်းအေး၊ ဒေါ်နှင်းနှင်းအေးဖေ၊ ဦးနန္ဒအေးဖေ-ဒေါ်ဝင်းကြည်၊ ဦးဥက္ကာအေးဖေ-ဒေါ်မြင့်မြင့်သန်း၊ ဒုတိယဗိုလ်မှူးကြီး ခွန်ညီညီ-ဒေါ်မြတ်သီရိအေးဖေ တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ငါးယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်အေး သည် ၂၀-၁၁-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၆:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၂၃ရက်တွင် အထက်ပါ ဒဂုံမြို့နယ်၊ နဝရတ်ရိပ်သာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃/၅၀-နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၃၁/လမ်း-၁၁၄)၊ ဧရိယာ ၀.၁၁၀ ဧကရှိမြေအား အမှုတွဲအမှတ် ၁၃၁၁/၁၉၉၂-၁၉၉၃ အရ (၂၅-၁၀-၁၉၉၃)မှ(၂၄-၁၀-၂၀၂၃)အထိ ဦးထွေးမောင် အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသော ဝင်းမြေအား ဒေါ်မြင့်မြင့်ထွေး အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း/စက်မှုစီးပွားပြောင်း/ သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း/စက်မှု စီးပွားပြောင်း/ သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်(ကံဖြူကျေးရွာကွင်း)၊ ကွင်းအမှတ်နှင့် အမည်(၂၇၅၃)၊ (ကုန်းဘောင်ကွက်သစ်)၊ ဧရိယာ ၀.၀၅၅ဧကရှိမြေကို ဦးကျော်ဝင်း အမည်ဖြင့်(၃၁-၃-၁၉၉၄)မှ(၂၉-၃-၂၀၂၄)ရက်အထိ နှစ်(၃၀)မြေငှား ဂရန်ရရှိထားရာအဆိုပါမြေကွက်အား(၂၈-၁၂-၂၀၂၂)ရက်နေ့၌ရွှေဘိုမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမိန့်အမှတ်(၇၈/၂၀၂၂)ဖြင့် ဒေါ်နှင်းဝေဝင်းမှ အမွေဆက်ခံပိုင်ဆိုင်သည်ဖြစ်၍အမည်ပြောင်း မြေငှားဂရန်အသစ်ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅အိပ်ချ်၊ မြေကွက်အမှတ် ၅၇၂၊ ဧရိယာ(၈၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၂)၊ စိန်ခြယ်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးသန်းညွှန့် ၁၂/ဗဟန(နိုင်) ၀၆၃၈၈၉ အမည်ပါက် နှစ်(၆၀)ဂရန်မြေအား၊ အမည်ပေါက် (ဖခင်) ဦးသန်းညွှန့် သည် (၁၅-၈-၂၀၀၄)ရက်နှင့် (မိခင်) ဒေါ်နှင်းညွှန့်သည် (၁၆-၈-၁၉၉၇)ရက်တို့တွင် အသီးသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးများဖြစ်သော ဦးညွှန့်အောင်၊ ဦးသူရ၊ ဒေါ်ညွှန့်ညွှန့်ခင်၊ ဦးသက်ညွှန့်တို့ကို မွေးဖွားခဲ့ပြီး ၎င်းတို့(၄)ဦးအနက် သားဖြစ်သူ ဦးညွှန့်အောင် သည် (၁၅-၇-၂၀၂၁)ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ အမွေစုအား ဇနီးဖြစ်သူ ဒေါ်လှလှဝင်းမှ ၎င်းမှလွဲ၍ အခြားဇနီးမယားမရှိကြောင်းနှင့် အမွေဆက်ခံကြောင်း၊ ဦးသူရသည် (၃၀-၄-၂၀၁၈)ရက်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ကြောင်း၊ ဦးသက်ညွှန့်သည် မြေအမည်ပေါက် ဖခင် ဦးသန်းညွှန့်ထက် စော၍ (၁၂-၂-၁၉၉၅)ရက်နှင့် ၎င်း၏ဇနီး ဒေါ်တင်တင်အေးသည် (၁၂-၇-၂၀၂၁) ရက်တို့တွင် အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏ သားဖြစ်သူ ဦးဖြိုးဝေညွှန့်မှ ၎င်းတစ်ဦးတည်းကိုသာ မွေးဖွားခဲ့သဖြင့် ဦးသက်ညွှန့်၏ အမွေစုအား အမွေမဲ့မြေအဖြစ် အမွေဆက်ခံကြောင်း နှင့်အခြားသားသမီးမရှိသလို ကိတ္တိမသားသမီးလည်းမရှိကြောင်း မင်္ဂလာတောင်ညွှန့်မြို့နယ်တရားရုံးမှတ်ပုံတင်အမှတ် ၃၅/၂၀၂၃(၃-၁၀-၂၀၂၃)ရက် ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးသန်းညွှန့်၊ ဦးသူရ၊ ဒေါ်တင်တင်အေးတို့၏ သေဆုံးမှုလက်မှတ်၊ ဒေါ်နှင်းညွှန့်နှင့် ဦးသက်ညွှန့်တို့၏ သေစာရင်းမိတ္တူမှန်၊ နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စု လူဦးရေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အမည်ပေါက်၏ သမီးဖြစ်သူ ဒေါ်ညွှန့် ညွှန့်ခင် ၁၀/မလမ(နိုင်) ၀၂၃၇၃၃၊ ဒေါ်လှလှဝင်း ၁၂/ဗဟန(နိုင်) ၀၄၈၃၅၇၊ ဦးဖြိုးဝေညွှန့် ၁၂/ဗဟန(နိုင်) ၀၇၇၁၃၀တို့မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်မှူးကြီး သာစိန်(ငြိမ်း)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၁၃)ရပ်ကွက်၊ ခရေလမ်း၊ အမှတ် ၄၁၊ ၁၀/တောင်၊ သန်လျင်တံတားအိမ်ရာဝင်းနေ (ဦးဘိုးသာ-ဒေါ်နှင်းစံဖြူ) တို့၏သား၊ ဒေါ်ခင်မေစိုး၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးဝင်းစိန်)၊ ဒေါ်ကြည်ကြည်စိန်၊ (ဦးထွန်းထွန်းစိန်)၊ (ဒေါ်သီသီစိန်)၊ ဒေါ်စံပယ်ဖြူထွေး၊ မယဉ်ကျော့စိန်၊ ကိုအောင်စိုးဦး၊ မအေးအေးအောင် တို့၏ ဖခင်၊ မြေး ၁၂ယောက်တို့၏ အဘိုးသည် ၂၀-၁၁-၂၀၂၃ရက်(တနင်္လာနေ့)နံနက် ၅:၄၅နာရီတွင် နေအိမ်၌ကွယ်လွန် အနိစ္စရောက်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကြွင်းကျန်ရစ်သော ရုပ်ခန္ဓာအား ၂၂-၁၁-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့)၊ မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပရှိ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။(အမှတ် ၄၁၊ ခရေလမ်းနေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင် ထွက်ခွာမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဦးသန်းဦး
## မြန်မာ့အလင်းသတင်းစာတိုက်
## အကြီးတန်းစာရေး(ငြိမ်း)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ မာန်ပြေအရှေ့(၃)လမ်း၊ အမှတ်(၉၁၅)၊ B.၃လွှာနေ (ဦးကျော်အေး-ဒေါ်အုန်းရှင်)တို့၏ သားထွေး၊ (ဦးစောအောင်-ဒေါ်မြင့်မြင့်ကြည်)၊ (ဦးကျော်ဝင်း)-ဒေါ်ချိုမာအေး၊ (ဦးခင်ဦး)-ဒေါ်ခင်နွဲ့(မြန်မာ့သတင်းစဉ်-ငြိမ်း) တို့၏ညီ/မောင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၀-၁၁-၂၀၂၃ရက် (တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းပေးကြောင်း ကြေညာခြင်း

ကျွန်တော် ဦးအောင်ပြည့်မော်(ဘ)ဦးလှမော် ၇/တငန(နိုင်) ၁၂၇၅၀၀၊ အမှတ်(၁၀)ရပ်ကွက်၊ ကလောမြို့မှ ကလောမြို့ရပ်ကွက်(၈)၊ ဦးပိုင်အမှတ်(၂/၁/၂/၁၄၄)၊ မြေကွက်အမှတ်(၃၈)၊ ပင်မကုန်းရပ်(၀ဒသမ၀၅၅)ဧကရှိမြေကွက်နှင့်ပတ်သက်၍ ဒေါ်ခင်နီလာထွန်း(ဘ)ဦးထွန်းကြည် ၁၂/ကမရ(နိုင်) ၀၁၃၇၄၆ သို့ (၃-၁၀-၂၀၂၃)ရက်စွဲဖြင့် ကလောမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ထားခြင်းကို (၁၇-၁၁-၂၀၂၃)ရက်တွင် အပြီးအပိုင် ရုပ်သိမ်းပေးကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးအောင်ပြည့်မော် ၇/တငန(နိုင်) ၁၂၇၅၀၀**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နော်သေလာထူး ၁၂/မရက(နိုင်) ၀၈၁၁၀၂ သည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၉၆/ဦး၊ မှော်ဘီစခန်းကွင်း၊ ဦးပိုင်အမှတ် N/၄၅၅၊ (၀ဒသမ၁၀)ဧက၊ (ပေ ၆၀ x ၈၀ပေ)အား (၃-၁၂-၂၀၁၃)ခုနှစ်မှစ၍ ဦးသန့်ဇင်သိန်း ၁၂/အစန(နိုင်) ၀၀၁၁၄၁ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့အချိန်ထိ မြေစာရင်းတွင် ဒေါ်နော်သေလာထူး ၁၂/မရက(နိုင်) ၀၈၁၁၀၂အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေမှ ယနေ့အချိန်အထိ အမည်ပေါက် ပိုင်ဆိုင်ပါကြောင်း အခြားသူမည်သူ့ကိုမှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အခမဲ့နေထိုင် လုပ်ပိုင်ခွင့်မပြုကြောင်းနှင့်အထက်တွင် ဖော်ပြထားချက်ကို ကျူးလွန်ပါက ဥပဒေအရ အရေးယူမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၂၀)**
**အမှတ်-၄၈၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန် တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၈၄၂၅၇၄၅**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မြိုင်သာယာရပ်ကွက်၊ (၉)လမ်း၊ အကွက်အမှတ်နှင့် အမည်(၁၁/မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၁၀)၊ မြေကွက်အမှတ်(၄၂၆)၊ ဧရိယာ (၄၀'x၆၀')ရှိ မြို့မြေအား ကျွန်တော် ဦးလှအေး(ဘ)ဦးလှဝင်း ၁၀/မလမ(နိုင်) ၀၆၉၄၅၂၊ အမှတ် ၃၁၊ အရှေ့တပ်မြေလမ်း၊ အောင်သုခ၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့နေသူမှ ၂၀၂၃ ခုနှစ်၊ မေလ ၁၁ ရက်တွင် နှစ်ဦးသဘောတူ အိမ်နှင့်မြေကွက် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ရောင်းချသူ ဒေါ်သီသီစန်း (ဘ) ဦးချစ်ခိုင် ၁၂/သကတ(နိုင်)၀၅၉၄၁၆ အုန်းတော၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့ထံမှအပြီးအပိုင် ငွေချေ၍ လက်ထိလက်ရောက် ရယူခဲ့ပါသည်။ ၎င်း၏ထံမှ ပိုင်ဆိုင်မှုစာချုပ်အဆက်ဆက် ဒေါ်သီသီစန်းပါ အိမ်ထောင်စုစာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ဒေါ်သီသီစန်း အမည်ဖြင့် လျှပ်စစ်မီတာသွင်းထားသော ပြေစာများကို လက်ခံရယူခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ အိမ်နှင့်ခြံ မြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်း ကျွန်ုပ်၏ထံသို့ ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှအေး ၁၀/ မလမ(နိုင်)၀၆၉၄၅၂**
**အမှတ် ၃၁၊ အရှေ့တပ်မြေလမ်း**
**အောင်သုခ၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့**

## ဒုတိယဗိုလ်မှူးကြီး သာစိန်(ငြိမ်း)
## ကြည်း ၇၉၈၁၊ OTS-21
## သဃ်္ဃန်းကျွန်းကောင်စီ ဥက္ကဋ္ဌ(ငြိမ်း)
### အသက်(၉၄)နှစ်

ရသေ့တောင်မြို့နယ်နေ (ဦးဘိုးသာ-ဒေါ်နှင်းစံဖြူ)တို့၏ တစ်ဦးတည်းသောသား၊ ဒေါ်မြအေး၏ ခင်ပွန်း၊ (ဦးလွင်ဦး)၊ဒေါ်ကြည်ကြည်စိန်၊ (ဦးထွန်းထွန်းစိန်)၊ (ဒေါ်သီသီစိန်)၊ ဒေါ်စံပယ်ဖြူထွေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ရှစ်ယောက်၊ မြစ် ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၀-၁၁-၂၀၂၃ရက်(တနင်္လာနေ့)နံနက် ၅:၄၅နာရီတွင် အိမ်အမှတ် ၄၁၊ ခရေလမ်း၊ သန်လျင်တံတား အိမ်ရာဝင်း၊ သာကေတမြို့နယ်နေအိမ်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၂-၁၁-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## Saw Rock Feller(ခ) ဦးစစ်အေး
## (Bosun JSM Shipping Co.,Ltd)
### အသက်(၇၀)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ (၁)ရပ်ကွက်၊ အောင်ဆန်း(၄)လမ်း၊ အမှတ်(၁၂)နေ [ဦးထွန်းစိန်(မူအုပ်)-ဒေါ်ကြူပွင့်] တို့၏သား၊ [ဦးသိမ်းထွန်း (နိုင်ငံ့ဂုဏ်ရည်-ဒု)-ဒေါ်အေးကြည်]တို့၏ သားသမက်၊ (ဦးမျိုးချစ်)-ဒေါ်ပွင့်၊ ဒေါ်ချောမေ၊ (ဦးစောလှိုင်)-ဒေါ်မြင့်မြင့်စိန်၊ (ဦးဂျက်စင်)၊ ဒေါ်ဟဲနာ၊ (ဒေါ်ချားလ်ထေ)၊ ဦးအောင်တင်မြ-ဒေါ်ခင်ဌေးမြင့်၊ ဦးစောဟာရီဆန်-ဒေါ်တင်တင်ဝင်း၊ (ဦးစောဒီဗင်(ခ)ဖိုးသဒါး)၊ (ဒေါ်ဘွယ်ဖေါ)တို့၏ညီမောင်၊ ဒေါ်ကြည်ကြည်သိမ်း(သားဖွား-ငြိမ်း)၏ခင်ပွန်း၊ ကိုထူးနိုင်လင်း(JSM Shipping)-မစုစုအောင်၊ မသီရိမာလာသိမ်းတို့၏ဖခင်၊ မကြည်ဖြူသီရိခိုင်၏ အဘိုး၊ Saw Rock Feller (ခ) ဦးစစ်အေးသည် ၁၉-၁၁-၂၀၂၃ရက် (တနင်္ဂနွေနေ့) ည ၁၀:၂၅နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၂၃ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၅၁)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဒေါ်ထွေးစိန်၊ ဦးတင်ဦး အမည်ပေါက်သည့် နှစ်(၆၀)ဂရန် မြေကွက်အတွင်းမှ မြေကွက်အမှတ်(၅၁၂)နှင့်ကပ်လျက်ရှိသည့် အကျယ်(၂၀ x ၆၀)ပေရှိ မြေကို (အရပ်ခေါ်)အားဖြင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ (၂)ရပ်ကွက်၊ ဗထူး(၅)လမ်း၊ အမှတ်(၁၅၁)ဟုခေါ်တွင်သည့် ရေမီးစုံလင်စွာပါရှိသော နှစ်ထပ်အိမ်တစ်လုံးအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ ကို တရားဝင်အမွေဆက်ခံလက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်လှ ၁၂/သကတ(နိုင်) ၁၄၀၀၃၃ +၁ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများ ဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝါနွေး(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၆၈၂/၂၀၁၇)**
**အမှတ်(၁၁၁၊ တတိယထပ်)၊ နွယ်သာကီလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက် ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၇၁၇၂၆၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၊ မြေကွက်အမှတ် ၁၂၄(က)၊ (အလျား ၂၃ပေ X အနံ ၆၀ပေ)အကျယ်ရှိ ဦးမြင့်ထူး အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၄/က၊ စိန်ရတနာလမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်အဆောက် အအုံအပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့အား အမည်ပေါက်ဖြစ်သူ ဦးမြင့်ထူးထံမှ အရပ်ကတိစာချုပ်ဖြင့် မိမိမှ တရားဝင်ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ထားကြောင်း၊ အခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်ထားရှိထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိကြောင်း၊ မိမိတစ်ဦးတည်းသာလျှင် စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စန်းစန်းအေး ၁၂/ တမန(နိုင်) ၀၂၈၄၅၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများတို့မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့် တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်မြေအရောင်းအဝယ် ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်မြတ်သီတာအောင် LL.B ၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၅၁)**
**အမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉- ၂၅၀၀၂၁၇၇၂၊ ၀၉-၇၉၉၂၅၈၂၀၂**

## အမည်ပြောင်းလဲ ခေါ်ဆိုပါရန်

ပုသိမ်မြို့၊ သစ်ပုတ်ကုန်းအုပ်စု၊ သစ်ပုတ်ကုန်းကျေးရွာနေ ဦးမျိုးထွန်း ၁၄/ပသန(နိုင်)၂၅၈၄၈၇-ဒေါ်သင်းသင်းအိ ၁၄/ပသန(နိုင်) ၂၀၇၄၆၈ တို့၏သမီး မသက်ထားဝတီအား မသဲစုမျိုး ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသဲစုမျိုး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်4H/3777 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများ ဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် MSME လုပ်ငန်းများတွင် အထောက်အကူရရှိနိုင်စေရန် လာမည့်ပညာသင်နှစ်ကစပြီး ခရိုင်(၅၀)ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁)ကျောင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကို Grade-10 မှ Grade - 12 အထိ တွဲဖက်သင်ကြားပေးသွားမည်ဖြစ်...**

❖ **ဆက်လက်ပြီး ကျန်သည့်ခရိုင်များ၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ် သင်တန်းအမှတ်စဉ် (၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာ - မြောက်ကိုရီးယား ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုဒုတိယပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြောက်ကိုရီးယားလက်ရွေးစင် အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၀ ရက် ညနေပိုင်းက သုဝဏ္ဏဘောလုံးကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ နှစ်ဖက်အသင်း နည်းပြချုပ်များနှင့် ကစားသမားများ တက်ရောက်သည်။

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာက "မြောက်ကိုရီးယားအသင်းနဲ့ ပွဲအတွက် ဂျပန်နဲ့ပွဲအပြီး အပြည့်အဝအနားယူပြီးနောက် လေ့ကျင့်မှုတွေ ပြန်လည်ပြုလုပ်ခဲ့ပါတယ်။ မြောက်ကိုရီးယားကို ဂျပန်အသင်းနဲ့ပွဲလိုမျိုး မဟုတ်ဘဲ မတူညီတဲ့ပုံစံနဲ့ ကစားသွားမှာ ဖြစ်ပါတယ်။ မြောက်ကိုရီးယားအသင်းကြီးရဲ့ ခြေစွမ်းကို သိပ်မသိပေမယ့် အာရှအားကစားပြိုင်ပွဲမှာ ယှဉ်ပြိုင်ခဲ့တဲ့ ယူ-၂၄ အသင်းကတော့ ခြေစွမ်းကောင်းမွန်တာ တွေ့ရပါတယ်။ အဲဒီအသင်းက



မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာ

*စာမျက်နှာ ၁၁ ကော်လံ ၁* ❂

## မြန်မာ - မြောက်ကိုရီးယား ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

အမေရိကန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့က အိမ်ရှင်အဖြစ် ပူးတွဲကျင်းပမည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲ၏ ဒုတိယပွဲစဉ်အဖြစ် မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် မြောက်ကိုရီးယားအသင်းတို့သည် နိုဝင်ဘာ ၂၁ ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ယှဉ်ပြိုင်ကစားကြပုံများကို နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV-HD၊ MRTV Sports Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့အသံရေဒီယိုနှင့် MRTV APP: အပါအဝင် Online တို့မှလည်း တစ်ပြိုင်တည်း ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ သတင်းအညွှန်း

**ပြင်ဦးလွင်-နောင်ချို-ကျောက်မဲ-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်၌ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးပိတ်ဆို့ထားသည့် နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူသွားလာမှုအဆင်ပြေစေရေးအတွက် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်**

ပြည်တွင်းသတင်း စာ ၇

**ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွား၊ ခုနစ်ဦး သေဆုံးပြီး သုံးဦး ပျောက်ဆုံး**

နိုင်ငံတကာသတင်း စာ ၁၃

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု) တို့သည် ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

ပြည်တွင်းသတင်း စာ ၁၅

# ယူရိုခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိုက်စလန်ကို ဂိုးပြတ်အနိုင်ယူပြီး ရာနှုန်းပြည့်နိုင်ပွဲ ပေါ်တူဂီ ပိုင်ဆိုင်

ယူရိုခြေစစ်ပွဲ အုပ်စု (ည) ပွဲစဉ် (၁၀) မှ ပေါ်တူဂီနှင့် အိုက်စလန်အသင်းပွဲစဉ်ကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တူဂီအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ပေါ်တူဂီအသင်းသည် အဆိုပါ အုပ်စုတွင် ၁၀ ပွဲ ကစားပြီး ရာနှုန်းပြည့် နိုင်ပွဲနှင့်အတူ နောက်တစ်ဆင့်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၉ ကော်လံ ၄* ✳

